# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့ (26-1-2014) (၇၇၃၇)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၂ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ ဒီဂရီစင်တီဂရိတ် |
| မြင်းဦးလှိုင် | ၄ ဒီဂရီစင်တီဂရိတ် |

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်တောင်သည် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်တောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ် မုခါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်တောင်သည် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျနိုင်ငံ အမျိုးသားနေ့သစ‌ဏ်လွှာများပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်တောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တံမှ သြစတြေးလျနိုင်ငံဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်(စ်)တံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ တိုနီအဘော့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

**၂၀၁၄ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်မြို့တော်ဝေါက်ကွင်းနှင့် ရေပြာဝေါက်ကွင်းတို့၌ ကျင်းပရာ ပြိုင်ပွဲဝင် အသင်း ၃၂ သင်းမှ ဝေါက်သီးအားထစားသမား ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ နံနက် ၆ နာရီတွင် ပြည်တောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကိုကျင်းပရာ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်လွင်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်တောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

**စာမျက်နှာ ၃ ကော်လံ ၃ သို့** ❖

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဝေါက်သီးရိုက်ပြိုင်ပွဲကို မီးထင်းဘောအားရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညွန့်လွင် ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကို မီးလင်းဘောအားရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**ပါးကွက်တစ်ခြမ်း ကုဧရုတစ်သန်း တန်သူလေး...**

ကျွန်မက အမေတာဝန်ကျရာဒေသကို လိုက်သွားခဲ့ပါတယ်။ ချင်းပြည်နယ်ဆိုတော့ အရမ်းအေးတာပေါ့။ ကျွန်မအသားတွေအက်ကွဲပြီး ခြောက်သွေ့နေလို့ အရမ်းကိုစိတ်ပျက်မိခဲ့တယ်။ ပူလိုက်အေးလိုက်နဲ့ ကျွန်မအသားအရေတွေလည်း ရာသီဥတုဒဏ်ကြောင့် ပျက်စီးကုန်တာပေါ့။ အသားတွေပတ်လိုက် ဝက်ခြံတွေထွက်လိုက်နဲ့ ဒီလိုနဲ့တစ်နေ့တော့ အမေက ဒါလေး စမ်းသုံးကြည့်ပါလားသမီးဆိုပြီး ဈေးက သနပ်ခါးမှုံလေး ဝယ်လာပေးတယ်။ ရွှေပြည်နန်းသံပရာသနပ်ခါးလေးပေါ့။ အနံ့လေးကလည်း မွှေးနေတာပဲ။ ညအိပ်ရာဝင်တိုင်း သနပ်ခါးသွေးပျင်းတဲ့ ကျွန်မအတွက်လည်း အဆင်ပြေလို့ပေါ့။ ဟော...စုဆို ကြိုက်တဲ့နေရာကိုသာသွား အမေဝယ်ပေးတဲ့ သနပ်ခါးမှုံလေးနဲ့ အဆင်ပြေနေတာပေါ့။ နောက်ပြီး သယ်ယူရတာလည်း လွယ်ကူတယ်၊ အချိန်ကုန်လည်း သက်သာတယ်လေ။ အမေဝယ်ပေးတဲ့ သနပ်ခါးမှုံလေးက ရာသီဥတုဒဏ်ကိုလည်း ကာကွယ်ပေးတယ်။ အသားပတ်ခြင်း၊ မျက်နှာအဆီပြန်ခြင်း၊ ဝက်ခြံနဲ့အမည်းစက်လေးတွေပါ ပျောက်ကင်းပြီး မျက်နှာလေးဖြူဝင်းပြီး အသားလေးလည်းညက်နေတော့ သူငယ်ချင်းတွေကတောင် မေးနေကြတယ်လေ။ ဒါနဲ့သူငယ်ချင်းတွေကို အမေဝယ်ပေးတဲ့ သနပ်ခါးမှုံလေးက မြန်မာ့ရာသီဥတုဒဏ်ကို ကာကွယ်ပေးတဲ့ ရွှေပြည်နန်းသံပရာ သနပ်ခါးမှုံလေးပေါ့လို့ ကြွားလိုက်တယ်ရှင့်။

မစောနန်းငယ်၊ (၆၀-၁၀)လမ်း၊ အမှတ်(၃)ရပ်ကွက်၊ အ.ထ.က(၃) အနီး၊ ပစ္စုပ္ပန်မြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ဦးစိုးမြင့်သန်း ၊စာတည်း(တာဝန်ခံ) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်။

## ကြေးမုံ စာတည်းရှုထောင့် ၂၆-၁-၂၀၁၄၊ တနင်္ဂနွေနေ့

# ဘက်စုံမျှတထူးချွန်မှ

မြန်မာကျောင်းသား ကျောင်းသူ လူငယ်လေးများမှာ ဉာဏ်ရည်မနိမ့်ပါ။ သင်ကြားမှု၊ သင်ယူမှုနှင့် ကြိုးစားအားထုတ်မှုပေါ်ကိုလိုက်၍ ထူးချွန်ထက်မြက်မှုကွာခြားကြပါသည်။ ပင်ကို ကိုယ်ပိုင်ဉာဏ်ပါရမီ ထူးခြားမှုရှိသူများအဖို့ အထူးပြောဆိုရန်မလိုဘဲ ကျန်ကျောင်းသား ကျောင်းသူများမှာမူ အဆိုပါပညာရေးပုံစံအတိုင်း တူးချွန်အောင်ကြိုးစားအားထုတ်ခဲ့ကြလေသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်သောကာလက ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားစေရန်အတွက် ခေတ်အလိုက် ပညာရေးစနစ်များအမျိုးမျိုး ဆောင်ရွက်ခဲ့ပါသည်။ သင်ယူမှုပုံစံအမျိုးမျိုးဖြင့် သင်ကြားခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့နောက် အရေအတွက်သာရှိပြီး အရည်အချင်းနည်းသော အရင်းအမြစ်များပေါပေါများများဖြစ်လာခဲ့သည်။ ရလဒ်မှာ ၎င်းတို့ဝင်ရောက်ကျင်လည်သည့် လုပ်ငန်းခွင်နယ်ပယ်တွင် အလုပ်မဖြစ်ဟူ၍သာ အဖြေထွက်ခဲ့ရသည်။

မျက်မှောက်ကာလ ဒီမိုကရေစီစနစ်သို့ကူးပြောင်းရောက်ရှိလာသော အခါ ပညာရေးနယ်ပယ်မှာလည်း သိသိသာသာ ပြောင်းလဲခဲ့ပြီဖြစ်သည်။ ခေတ်စနစ်၏လိုထားချက်၊ ခေတ်စနစ်၏တောင်းဆိုမှုနှင့်အတူလိုက်ပါပြီး ပညာရေးစနစ်သည်လည်း ရင်သန့်ဖွံ့ဖြိုးလာသည်ကိုတွေ့ရသည်။

ထိုစနစ်တစ်ခု၏ အင်္ဂေ့အသက်သည် အချိန်ကြာမြင့်စွာလွှမ်းမိုးနေတတ်သဖြင့် ကောင်းမွန်တည်ငြိမ်သော စနစ်တစ်ခုသို့ရောက်အောင် မျိုးဆက်တစ်ဆက်မျှ အချိန်ယူရဦးမည်ဖြစ်သည်။ လက်ရှိတွင် ပညာရေးစနစ်ကို လွတ်လပ်ပွင့်လင်းစွာ အရှိန်အဟုန်မြှင့် အားထုတ်နေသဖြင့် သိသာစွာတိုးတက်လာသည်မှာ အမှန်ဖြစ်သည်။ အခြားဘာသာစွမ်းရည်မှာမူ ပုံစံအမျိုးမျိုးဖြစ်နေသေးသော်လည်း မြန်မာကျောင်းသားများ၏ တုံ့ပြန်ချက်များမှာ ဂုဏ်ယူစရာ၊ အားတက်စရာကောင်းသည်ဟု မြန်မာနိုင်ငံတွင် လာရောက်ပညာသင်ကြားပေးသော နိုင်ငံခြားမှ ပါမောက္ခပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။

မြန်မာကျောင်းသား ကျောင်းသူလူငယ်များသည် မျှော်လင့်ထားသည်ထက် ပိုမိုပွင့်လင်းရဲရင့်ကြပြီး အင်္ဂလိပ်ဘာသာကျွမ်းကျင်ကာ ထူးချွန်ထက်မြက်သော ကျောင်းသားများဖြစ်သည်ကို တွေ့ခဲ့ရသည်ဟုဆိုသည်။ ထို့ကြောင့် အမှန်တကယ်အစဉ်အထာကောင်းမွန်သော မြန်မာလူငယ်မျိုးဆက်သစ်များအတွက် အချိန်ကြာမြင့်စွာပူပန်စရာမလိုဘဲ အနာဂတ်တွင် အားထားရမည့်လူချွန်လူကောင်းများဖြစ်လာမည်မှာ အမှန်ဖြစ်သည်။

ထိုသို့ဆိုရအောင်လည်း သုံးနားညီပညာရေးသည် လိုက်လျောညီထွေရှိဖို့လိုပေလိမ့်မည်။

ပညာရေးသုံးနားတွင် ဆရာသည် အဓိကကျသလို ကျောင်းသားမှာလည်း ပဓာနကျပါသည်။ ကျန်ထစ်နားဖြစ်သော မိဘမှာ အရေးကြီးသည့်ပံ့ပိုးမှုဖြစ်၍ သူနေရာနှင့်သူ သဟဇာတဖြစ်ဖို့လိုပါမည်။ ထိုသုံးနားညီသည် မျက်မှောက်ကာလ လိုအင်သာဖြစ်ပြီး တစ်ချိန်သောကာလက ကျောင်းသားနှင့်ဆရာလိုအင်သာပိုများပါသည်။

စာမေးပွဲတွင် အဆင့်ကောင်းခြင်းကို ပညာကောင်းခြင်းဟုမှတ်ယူပြီး အချို့မိဘများက အဆင့်ကောင်းအောင်တွန်းအားပေးကြသည်။ အချို့က ဆုရသည်ကို ဂုဏ်တစ်ခုအဖြစ်မှတ်ယူကြသည်။ အချို့က ကျောင်းစာသာ တစိုက်မတ်မတ် အားထုတ်ခိုင်းသည်။ တက္ကသိုလ်ဝင်တန်းအမှတ်ကောင်းမှ အဆင့်မြင့်ပညာသင်ယူခွင့်ရမည်ဟုခံယူကြသည်။

မျက်မှောက်ကာလအဓိကအားနည်းချက်တစ်ရပ်မှာ မြန်မာဘာသာဖြစ်သည်။ လူမှုကျင့်ဝတ်နှင့်ဗဟုသုတကြွယ်ဝမှု စံနှုန်းများလည်းမြင့်မားဖို့လိုအပ်ပါသည်။ အထူးသဖြင့် ကျောင်းသားထုငယ်တို့၏ ဆန္ဒအတိုင်း ဝါသနာ၊ ဗီဇမျိုးစေ့များကို မမေ့ကြဖို့ လိုပေသည်။

ကောင်းသည့် ဝါသနာကို မြေတောင်မြှောက်ပေးဖို့နှင့် မကောင်းသည့် ဝါသနာကို ညင်သာပျော့ပျောင်းစွာ ကောင်းရာညွှန်ပြဖို့သည် မိဘတို့၏ တာဝန်ဝတ္တရားဖြစ်သည်။

ထို့ကြောင့် သုံးနားညီပညာရေးခေတ်ကာလမျိုးတွင် အခြားဘာသာသည် အရေးကြီးသကဲ့သို့ မြန်မာဘာသာသည်လည်း အရေးပါသည်နည်းတူ ဘက်စုံထူးချွန်ထက်မြက်သော လူချွန်လူကောင်းများဖြစ်အောင် အဘက်ဘက်က မျှတအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

# ကျေးလက်အထိရောက်ရှိအောင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အလေးထားဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

အသေးစားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ (၁/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်နေသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့် ကိုက်ညီခြင်းမရှိသော ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများနားထည်မှုလွဲမှားစေသော သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်နေခြင်းများ တွေ့ရှိရသဖြင့် အဖွဲ့အစည်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်၏ မူဝါဒများအတိုင်း အကောင်အထည်ဖော်ကြရန် ထို့ကြောင်း။

အသေးစား ငွေရေးကြေးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည် အဖွဲ့အစည်းများအား စိစစ်ကြည့်လျှင် INGO အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အထောက်အပံ့ဖြင့် ထုပ်ငန်းဆောင်ရွက်သော NGO အဖွဲ့အစည်းများ၊ ပြည်ပကုမ္ပဏီများသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာ သဘောတရားနှင့် နည်းစနစ်များ ခိုင်ခံ့ကောင်းမွန်သည့် အပြင် မထည်ငွေရင်းတွင်ထည်း ခိုင်မာကြသည်ကို တွေ့ရှိရကြောင်း၊ သမဝါယမ အဖွဲ့အစည်းများသည် သမဝါယမ ဥပဒေ၊ နည်းစနစ်အရ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ အသေးစား ငွေရေးကြေးရေးထုပ်ငန်း ဥပဒေအရ ထုပ်ငန်းထုပ်ကိုင်ခွင့် ထိုင်စင်ရယူ ထုပ်ဆောင်နေသဖြင့် ဥပဒေအရထည်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ထုပ်ငန်းအခြေခံ သဘောသဘာဝအားဖြင့် ထူညီမှုရှိပြီး လုပ်နည်းလုပ်ဟန်ကွဲပြားမှုရှိနေသည်ကို ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အသေးစားငွေရေးကြေးရေး ထုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော အဖွဲ့အစည်းများမှာ ထဖြည်းဖြည်း များလာသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရအဖွဲ့အစည်းများအား အသေးစား ငွေရေးကြေးရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော ကျေးထက်ဒေသနေ ပြည်သူများ လိုအပ်နေသော ငွေကြေးအရင်းအနှီးကို ကျေးထက်အထိရောက်ရှိအောင် အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ အလေးထား ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းအောင်က ထိုင်စင်ရပြီးသား အဖွဲ့အစည်းများ၏ ရုံးခွဲဖွင့်လှစ်ခြင်းနှင့် မထည်ရင်းနီးငွေဆိုင်ရာ ကိစ္စများ၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင် လျှောက်ထားမှုများနှင့် စပ်ထျဉ်း၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ပိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက လူ့စွမ်းအား ဆိုင်ရာစီမံကိန်းများကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် တိကျမှန်ကန်ပြီး ယုံကြည်ကိုးစားလောက်သော လူ့စွမ်းအားဆိုင်ရာ စာရင်းအင်းအချက်အလက်များရရှိရန် အထူးလိုအပ်ကြောင်း၊ စီမံကိန်းနှင့် စာရင်းအင်းအချက်အလက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီးစီမံကိန်းများအောင်မြင်ရေးသည် မူထအခြေပြုထားသော စာရင်းအချက်အလက်ပေါ်တွင် မူတည်နေကြောင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လတ်တလောစာအုပ်ပြုစုထုတ်ဝေခြင်း၏ အကျိုးရလဒ်မှာ စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များသည် ဌာနဆိုင်ရာများ၏ ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်ရမည့် လုပ်ငန်းများတွင် ထက်တွေ့အထောက်အကူပြုစေနိုင်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ မှန်ကန်ကိုက်ညီမှုရှိသည် ကိန်းဂဏန်း အချက်အလက်များသည် နိုင်ငံထစ်နိုင်ငံ၊ အဖွဲ့အစည်းထစ်ခု၏ ဖွံ့ဖြိုးတိုးထက်မှုများကို မီးမောင်းထိုးပြနေကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးထက်မှုရှိနေသည်ကို ယခုစာအုပ်တွင်ပါသော အညွှန်းကိန်းများကို ကြည့်ခြင်းအားဖြင့် တွေ့ရှိနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းနှင့် သက်ဆိုင်သော ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အညွှန်းကိန်းနှင့်သတ်ဆိုင်သော ဌာနများမှ ကိုယ်စားလှယ်များနှင့် ထေ့ထာသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်သည်။

ထူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်းများနှင့် ပထ်သက်၍ စာရင်းအင်းဆိုင်ရာ အချက်အထက်များနှင့် ဆောင်ရွက်ထားသည် လုပ်ငန်းစဉ်အခြေအနေများ၊ ဆက်ထက်ဆောင်ရွက်မည် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မီးထင်းဘောရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က မီးလင်းဘောအားရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

**အတွဲလိုက်ယှဉ်ပြိုင်**

ထို့နောက် ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲများကို စတင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက် အားကစားသမားများသည် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ အတွဲလိုက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**ဦးဆောင်ကစား**

ယနေ့ ကျင်းပလျက်ရှိသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အသင်းလိုက် (အကျော ပေး) ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၅၇ ချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက ဦးဆောင်ကစားလျက်ရှိပြီး အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၂၅ ချက်စီဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့က ဦးဆောင်ကစားလျက်ရှိသည်။

**ဆက်လက်ကျင်းပမည်**

၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

**(သထင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မီးလင်းဘောရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေကြစဉ်။ (သတင်းစဉ်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်လှစ်

**ဟသ်ာတ ဇန်နဝါရီ ၂၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ဟသ်ာတခရိုင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ဟသ်ာတ မြို့နယ် မွေး/ရေ ကျေးလက်လူငယ် "ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုသင်တန်း" ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဟသ်ာတခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစန်းငွေက အဖွင့်အမှာစကားပြောကြားရာတွင် လက်တွေ့အကျိုးရှိစွာ အသုံးချရန် မှာကြားသည်။ သင်တန်းတွင် မွေးမြူရေးနှင့် ထုတ်လုပ်ရေး၊ တိရစ္ဆာန်ကူးစက်ရောဂါများ၊ ငါးလုပ်ငန်းဆိုင်ရာဥပဒေ၊ စိုက်ပျိုးရေးနည်းပညာ၊ စပြုရှာထူထောင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## "ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်"

၁။ ရန်ကုန်-သန်လျင်အမှတ်(၂)တံတားအန်း၊ ကုလားဝဲကျေးရွာပန်းကျင်၊ ၁/ဧက(သိန်း ၅၀၀)
သီလဝါ စက်မှုဇုန်သို့သွားသော (၆)လမ်းသွားအမှတ်(၂)လမ်းမကြီးဘေး၊ သန်လျင်
လယ်မြေ(၁၆/ဧက)၊ (မြေပြန့်ထားလျှင် တန်မီးအလွန်တက်ရန်ရှိသောမြေများ)
၂။ မြစ်ကမ်းနံဘေး၊ ရှုခင်းကောင်း၍ လေကောင်းလေသန့်ရသောကျန်းမာရေး ၂/ခန်းတွဲ -(သိန်း ၀၇၀၀)
အတွက် သင့်လျော်သောနေရာကောင်း၊ ကျယ်ဝန်းသောကားပါကင်၊ ၁/ခန်း-(သိန်း ၈၅၀)
ကမ်းသာယာအိမ်ရာ 1300 Sqft ဒုတိယထပ်(၂)ခန်းတွဲ၊ ဧည့်ခန်းကျယ်၊
၂/ယောက်အိပ်ခန်း(၂)ခန်း၊ရိုးရိုးအိပ်ခန်း(၁)ခန်း၊ ပါကေးခင်း၊ Aircon (၄)လုံး၊
မှန်းပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ မိသားစုများများနေထိုင်နိုင်၍ ကျယ်ဝန်းသောတိုက်ခန်း။
၃။ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး အင်းယားမြိုင်လမ်းမ၊ ကိုယ်ပိုင်လမ်းပါ 1Sqft-250,000
မြေအကျယ် 6011Sqft ဘိုးဘွား၊ ရေမီး။

## "အငှား"

၁။ Diamond Condo၊ (၈)လွှာ၊ 1350Sqft ၊ (US$ 3000)
၂/ယောက်အိပ်ခန်း(၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း
၂။ Diamond Condo ၊ (၇)လွှာ၊ 1000Sqft ၊ (US$ 2000)
၂/ယောက်အိပ်ခန်း(၁)၊ ရိုးရိုးအိပ်ခန်း(၂)ခန်း
Aircon (၄)လုံး၊ ပရိဘောဂအစုံ၊ ကြိုးဖုန်းပါ။
၃။ သံသုမာလမ်းမကြီးဘေး၊ 2/ထပ်-RC၊ (US$ 4000)
၂/ယောက်အိပ်ခန်း(၄)ခန်း၊ ရိုးရိုးအိပ်ခန်း(၁)ခန်း
ဧည့်ခန်းကျယ်၊ Aircon (၅)လုံး၊ ကြိုးဖုန်းပါ။

ဆက်သွယ်ရန်ဖုန်း - 246792, 246527,09-5178979,09-43022828, 09-420301091, 09-5504071, 09-420079424

# အမေရိကန်-အာဖဂန်လုံခြုံရေး သဘောတူညီချက် လက်မှတ်ရေးထိုးမှု တာလီဘန်အဖွဲ့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုအပေါ်မူတည်

ကဘူး ဇန်နဝါရီ ၂၅

တာလီဘန်အဖွဲ့နှင့် ပူးတွဲလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မပြီးမချင်း အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့အကြား အဓိကကျသော လုံခြုံရေးဆိုင်ရာ စာချုပ်အား သဘောတူလက်မှတ်ရေးထိုးမည်မဟုတ်ဟူသော ၎င်း၏ ရပ်တည်ချက်ကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ထပ်လောင်းပြောဆိုကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းစာချုပ်အား လက်မှတ်ရေးထိုးရေးအတွက် မည်သည့်ဖိအားပေးမှုကိုမဆို အာဖဂန်နိုင်ငံအနေဖြင့် လက်ခံလိမ့်မည်မဟုတ်ဟု ဇန်နဝါရီ ၂၅ ရက် သတင်းစာရှင်းလင်းပွဲ၌ အာဖဂန်သမ္မတက ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် သောင်းကျန်းသူများအား စစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဟု ကြေညာခဲ့ပြီး နေတိုးဦးဆောင်သော တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်အများစုသည် ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင်းမှ ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။

အာဖဂန်နှင့် လုံခြုံရေးဆိုင်ရာစာချုပ်သစ် မချုပ်ဆိုနိုင်ပါက ၂၀၁၄ခုနှစ်အကုန်တွင် အမေရိကန်တပ်ဖွဲ့များ အာဖဂန်တွင် ဆက်လက်ထားရှိရန် မဖြစ်နိုင်တော့ပေ။

လုံခြုံရေးစာချုပ်ဆိုင်ရာ အခြေခံမူများကို ယမန်နှစ်အစည်းအဝေးက အာဖဂန်နှင့် အမေရိကန်နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။ သို့သော် အာဖဂန်သမ္မတ ကာဇိုင်းက သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည်။

ယင်းသဘောတူစာချုပ်အရ နိုင်ငံတကာတပ်ဖွဲ့ဝင်အင်အား ၁၅၀၀၀ခန့်သည် အာဖဂန်နိုင်ငံတွင်း ကျန်ရှိပြီး အာဖဂန်တပ်ဖွဲ့ပင်များအား လေ့ကျင့်သင်ကြားပေးမှုနှင့် အကြံပေးမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

အထူးတပ်ဖွဲ့ဝင်အချို့ကိုလည်း အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးများအတွက် အာဖဂန်တွင် ဆက်လက်ထားရှိနိုင်မည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးအတွက် အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံတို့၏ လက်ထဲတွင်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် တာလီဘန်အဖွဲ့အား ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ခေါ်ဆောင်ပေးရန် မိမိတောင်းဆိုကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။ ဘီဘီစီ။

တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံနှုတ်ဆက်နေသော သမ္မတ ဟာမစ်ကာဇိုင်းကို တွေ့ရစဉ်။

# ယူကရိန်းတွင် သမ္မတကလိုက်လျောရန် ကတိပြုသော်လည်း ဆူပူမှုများဆက်လက်ဖြစ်ပေါ်

ကီယက် ဇန်နဝါရီ ၂၅

ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗချ်က နိုင်ငံအတွင်းဖြစ်ပွားနေသည့် ပြဿနာများအဆုံးသတ်ရန် ကြိုးစားသည့်အနေဖြင့် လိုက်လျောမှုများပြုလုပ်မည်ဟု ကတိပေးသော်လည်း မြို့တော်ကီယက်၌ အကြမ်းဖက်မှုများဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း စနေနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြို့လယ်၌ စနေနေ့ အရုဏ်ဦးရောက်သည့်အထိ မီးများလောင်နေဆဲဖြစ်သည်။ ယမန်နေ့ညက ဆန္ဒပြသူများသည် ကျောက်တုံးများ၊ ဓာတ်ဆီပုံးများဖြင့် ရဲတပ်ဖွဲ့ပင်များကို ပစ်ပေါက်ကြပြီး ရဲတပ်ဖွဲ့ပင်များကလည်း မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့သည်။

သမ္မတက ဆန္ဒပြသူများအား အရေးယူသည့်ဥပဒေများကို ဖြင်ဆင်ပေးရန်နှင့် အစိုးရအဖွဲ့ကို အပြောင်းအလဲပြုလုပ်ပေးရန် ကတိပြုခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် ဆန္ဒပြသူများက သမ္မတ နုတ်ထွက်ပေးရန်ကိုသာ အလိုရှိနေကြသည်ဟု အတိုက်အခံခေါင်းဆောင် ဗီတာလီကလစ်ချ်ကိုက ပြောကြားသည်။

သောကြာနေ့ညက ဆန္ဒပြသူများက ဟာရူရုဗက်စကီးလမ်းကို တာယာများကို မီးရှို့၍ ပိတ်ဆို့ထားကြသည်။

မီးလုံးကြီးများမှာ ကောင်းကင်အထိထိုးတက်လျက်ရှိကြောင်း၊ ဖမ်းဆီးမှုအချို့လည်းရှိခဲ့ကြောင်း မျက်မြင်များက ပြောကြားသည်။ လူပ်ရှားသူများက ယူကရိန်းနိုင်ငံတစ်ဝန်းမှ အစိုးရရုံးအချို့ကို သိမ်းပိုက်ထားသည်ဟု ဆိုသည်။ ဘီဘီစီ။

မြို့တော် ကီယက်၌ အကြမ်းဖက်ဆန္ဒပြမှုကြောင့် အဆောက်အအုံများ ပျက်စီးလျက်ရှိသည်ကို တွေ့ရစဉ်။

## ယခုနှစ်အတွင်း ငြိမ်းချမ်းရေးရမည်ဟု ကိုလံဘီယာသမ္မတ မျှော်လင့်

ဘိုဂိုတာ ဇန်နဝါရီ ၂၅

ယခုနှစ်အတွင်း ကိုလံဘီယာလက်ဝဲသူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ နှစ်ပေါင်း ၅၀ ကြာမြင့်ခဲ့ပြီဖြစ်သော လက်နက်ကိုင်တိုက်ခိုက်မှုများကို အဆုံးသတ်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတိုစ် က ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ၌ လက်ဝဲသူပုန်အဖွဲ့ (အက်ဖ်အေအာရ်စီ) အင်အားချည့်နဲ့လာပြီး နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်လာကြောင်း ကိုလံဘီယာသမ္မတက ဘီဘီစီ သတင်းဌာနသို့ ပြောကြားသည်။

စစ်ပွဲများ အလျင်အမြန်ပြီးဆုံးရေးအတွက် စစ်ရေးအရ ဖိအားပေးခြင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်း နှစ်မျိုးစလုံး လိုအပ်ကြောင်း ဆန်းတိုစ်က ပြောကြားသည့်။

ကိုလံဘီယာအစိုးရကိုယ်စားလှယ်များနှင့် သူပုန်အဖွဲ့ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကတည်းကပင် ကျူးဘားနိုင်ငံ၌ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးတက်မှုရှိကာ ငြိမ်းချမ်းရေးနှင့် နီးကပ်လာပြီဟု မိမိမျှော်လင့်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်နေသည့် ကိုလံဘီယာသမ္မတက ဘီဘီစီသို့ ပြောကြားသည်။ ဘီဘီစီ။

## ထိုင်းတောင်ပိုင်း ပဋိပက္ခ လေးဦးသေဆုံး လေးဦးဒဏ်ရာရ

ဗန်ကောက် ဇန်နဝါရီ ၂၅

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ်နှစ်ခုတွင် သီးခြားတိုက်ခိုက်မှုများဖြစ်ပွားသဖြင့် လူ လေးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ယာလာနှင့် ပက်တနီပြည်နယ်တို့တွင် ဗုံးခွဲတိုက်ခိုက်ခြင်း၊ သေနတ်ဖြင့် ပစ်ခတ်ခြင်းများဖြစ်ပွားကြောင်း၊ ဇန်နဝါရီ ၂၃ရက် နံနက် ၁၁နာရီက ယာလာပြည်နယ် တန်တူခရိုင်တွင် ဗုံးတစ်လုံးပေါက်ကွဲရာ ရဲအရာရှိတစ်ဦးသေဆုံးပြီး ၎င်း၏လုပ်ဖော်ကိုင်ဖက်သုံးဦး ဒဏ်ရာရရှိကြောင်း၊ ဝေးလံခေါင်ဖျားဒေသတွင်ရဲတပ်ဖွဲ့ ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပက်တနီပြည်နယ်၌ နံနက် ၇ နာရီခွဲတွင် ရဲတပ်ဖွဲ့ဝင်များက ဗုံးပေါက်ကွဲမှုတစ်ခုကို စုံစမ်းစစ်ဆေးနေစဉ် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း၊ အဆိုပါဗုံးမှာ အဝေးထိန်းကိရိယာဖြင့် လမ်းဘေးတွင် ဗုံးထောင်ကာ ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် နှစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာ ပြင်းထန်စွာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပက်တနီပြည်နယ် ကောပိုးခရိုင်တွင်လည်း လယ်ယာလုပ်ငန်းခွင်မှနေ၍ မိမိနေအိမ်သို့ ပြန်လာသော လယ်သမားတစ်ဦးကို မော်တော်ဆိုင်ကယ် စီးနင်းလာသူတစ်ဦးက ပစ်ခတ်သဖြင့် သေဆုံးခဲ့သည်။ ကျိုဒို။

## မဲပေးခြင်းကိုဟန့်တားမည်မဟုတ်ဟု ထိုင်းဆန္ဒပြသူများပြော

ဗန်ကောက် ဇန်နဝါရီ ၂၅

ထိုင်းနိုင်ငံတွင် လာမည့်သီတင်းပတ်၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်မဲဆန္ဒပေးခြင်းကို ၎င်း၏ထောက်ခံသူများက နှောင့်ယှက်ဟန့်တားမည်မဟုတ်ကြောင်း ဆန္ဒပြခေါင်းဆောင် ဆူသက်သောင်ဆူဘန်က စနေနေ့တွင် ပြောသည်။

တနင်္ဂနွေနေ့တွင် ပြည်သူများမဲထည့်ခြင်းကို ဆန္ဒပြသူများက တားဆီးမည်မဟုတ်ကြောင်း၊ သို့သော် မဲရုံများ၏ဖြင်ပတွင် ဆန္ဒပြကြမည်ဖြစ်ကြောင်း ဆူသက်ကပြောသည်။

အလိုရှိ

၎င်းတို့က ပန်ကြီးချုပ်ရာထူးမှဆင်းပေးခြင်းနှင့် နိုင်ငံရေးစနစ်ကို ပြုပြင်ပြောင်းလဲခြင်းတို့ကိုသာ အလိုရှိကြသည်။ အခြေခံဥပဒေတရားရုံးက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန်ဆုံးဖြတ်ခဲ့သော်လည်း ၎င်းတို့က ရွေးကောက်ပွဲကျင်းပခြင်းကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

အာဏာပိုင်များက ဆူပူအကြွမ်းကို ဖြေရှင်းရန်ကြိုးစားလျက်ရှိရာ နိုင်ငံတော်အရေးပေါ်အခြေအနေကို ကြေညာခဲ့သည်။ ဘီဘီစီ။

## ကိုလံဘီယာတွင် ကိုကင်းမူးယစ်ဆေးဝါး သိမ်းဆည်းရမိ

ဘိုဂိုတာ ဇန်နဝါရီ ၂၅

ကိုလံဘီယာနိုင်ငံမြောက်ပိုင်း ကော်ဒိုဘာဒေသတွင် ကိုကင်း ၁၂၃၄ ကီလိုဂရမ်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း၊ ရာဇဝတ်ဂိုဏ်းမှ အဓိကကျသောအဖွဲ့ဝင်များဟု ယူဆရသော လူနှစ်ဦးကိုလည်း ဖမ်းဆီးရမိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

သိမ်းဆည်းရမိသော ကိုကင်းများ၏ ခန့်မှန်းခြေ ကာလပေါက်စျေးတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၃၀ ဖြစ်ကြောင်း၊ ယင်းပစ္စည်းများကို ကော်ဒိုဘာမှ အင်တီယိုကွီယာဒေသသို့ သွားသောလမ်းတွင် မောင်းနှင်လာသော ကုန်တင်ကားတစ်စီး၏ တိုင်ကီ တစ်လုံးအတွင်းမှ ရှာဖွေတွေ့ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မူးယစ်ဆေးဝါးများကို ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ စျေးကွက်များသို့ ပို့ဆောင်ရန် ဝှက်ယူဆောင်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆင်ဟွာ။

# စာဖတ်သူတို့ရုပ်သံလိုင်းအခမဲ့ဒစ်ဂျစ်တယ်ရုပ်သံလိုင်းသစ်၏ ပထမအကြိမ်စာအုပ်ပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

စာဖတ်သူတို့ရုပ်သံလိုင်း အခမဲ့ဒစ်ဂျစ်တယ်ရုပ်သံလိုင်းသစ်၏ ပထမအကြိမ်စာအုပ်ပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းမြေနီကုန်းယာဉ်ရပ်နားစခန်းဘေးရှိ Myanmar Event Park အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဥက္ကဋ္ဌ ဒေါက်တာ သာထွန်းဦးနှင့် Forever Group Co.,Ltd. (CEO) ဦးဝင်းမော်တို့က ပထမအကြိမ်စာအုပ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် အလုပ်လုပ်သမျှအားလုံးသည် လူထုအတွက်သာဖြစ်ရမည်ဖြစ်ကြောင်း၊ လူထုသာလျှင် နံပါတ်တစ်ဦးစားပေးဖြစ်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အားလုံး စုပေါင်းဆောင်ရွက်နေကြခြင်းသည် တစ်ဦးတစ်ယောက်အကျိုးစီးပွားအတွက်မထုတ်ကြောင်း၊ ပြည်သူလူထုအား အသိပညာမြှင့်တင်ရေးဆိုသည့် အလွန်အရေးကြီးသောတာဝန်ဝတ္တရားကိုဆောင်ရွက်နေကြခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Forever Group Co.,Ltd.(CEO) ဦးဝင်းမော်နှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဥက္ကဋ္ဌ ဒေါက်တာ သာထွန်းဦးတို့က စာအုပ်ပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူးဦးမြင့်ထွန်းက အသင်း၏ ဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြပြီး အသင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးသိမ်းစိုးက အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုပေးအပ်နိုင်ရေး ရွေးချယ်ခံမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၂ ခုနှစ် အကောင်းဆုံးထုတ်ဝေသူဆုကို ပါရမီစာအုပ်တိုက်မှ ဦးကျော်ဦးအားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသုရိန်ဇော်က ၂၀၁၃ ခုနှစ် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုကို အင်းဝစာအုပ်တိုက်မှ ဦးမောင်မောင်လွင်အားလည်းကောင်း ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်၊ တိုင်းဒေသကြီးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဦးကျော်စိုး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသုရိန်ဇော်နှင့်တာဝန်ရှိသူများသည် စာအုပ်ပွဲတော်၌ လာရောက်စီစဉ်ပြသရောင်းချသည့် စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။(**အပေါ်ပုံ**)

အဆိုပါ စာအုပ်ပွဲတော်၌ စာဖတ်ခြင်း အနုပညာဟောပြောပွဲများ၊ စာရေးဆရာများ၏ စာအုပ်လက်မှတ်ရေးထိုးပွဲများ၊ ရေးသူဖတ်သူတွေ့ဆုံပွဲများ ပါဝင်မည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၀၀၀ ကျော်၏စာအုပ်အရောင်းပြခန်းများ ပါရှိမည်ဖြစ်သည်။

စာအုပ်ပွဲတော်ကို ဇန်နဝါရီ ၂၈ ရက်အထိ နံနက် ၉ နာရီမှ ည ၇ နာရီအတွင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆာလ်မန် ကာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သြစတြေးလျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်ထွင်ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဂျူလီဘစ်ရှော့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ထျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ကတ်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးမန်းမောင်မောင်ညဏ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာဆရာ ဆရာမသင်တန်းသား သင်တန်းသူစုစုပေါင်း ၁၅၀၀ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါမှာ ပညာရည်မြင့်မားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကလည်း အနာဝတ် နိုင်ငံ့အကျိုးအတွက်မေးမိန့်ပြီး ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပေးပြီး ဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ပညာရေးစနစ်၏ အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်လေ့လာဖော်ထုတ်ပြီး အားသာချက်များကို ပိုမိုကောင်းမွန်စေရန်နှင့်အားနည်းချက်များကို ပြုပြင်ပြောင်းလဲရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်သည့်နေရာတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review- CESR) များမှ အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်း၏ လေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအပေါ်တွင် အခြေခံကြောင်း၊ ပညာရေးနှင့် ပတ်သက်ပြီး ကျွမ်းကျင်သည့် ပြည်တွင်းပြည်ပ ပညာရှင်ကြီးများနှင့် CESR လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှသည် နိုင်ငံဖွံ့ဖြိုးမှုတွင် တိုက်ရိုက်အချိုးကျနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့မျက်မှောက်ကာလ နိုင်ငံတကာကိုလေ့လာကြည့်မည်ဆိုလျှင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးနိုင်သည်မှာ အခြေခံပညာကျောင်းများမှ သင်ကြား လေ့ကျင့်ပေးနေကြသည့် အခြေခံပညာ ဆရာဆရာမများပင်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာအောင်လေ့ကျင့်သင်ကြားပေးနေကြရသောဆရာဆရာမတို့၏တာဝန်သည် အင်မတန်မှ ကြီးလေးမွန်မြတ်လှပါကြောင်း၊ ကြီးလေးမွန်မြတ်လှသည့် တာဝန်ဝတ္တရားများကိုလေးစားပြတ်နိုးတန်ဖိုးထားပြီး လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းပြီး လေ့ကျင့်သင်ကြားပေးကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအားဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ၂၀၁၃ ခုနှစ် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

၂၀၁၃ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၂ ခုနှစ်အတွင်းထုတ်ဝေသောစာအုပ်များအနက်မှ ဒေါက်တာချစ်(ထပ်ဆင့်အမျိုးသားစာပေဆုရ) ရေးသားပြီး သစ္စာစာပေမှထုတ်ဝေသည့် "သီးနှံရွေးကွက် တိုးချဲ့ဖို့ တာရှည်ခံအောင် လုပ်ကြစို့" စာအုပ်၊ မောင်မောင်ထွန်းအောင်(ကျန်းမာရေး)ရေးသားပြီး ဟိန်းထက်စာပေတိုက်မှထုတ်ဝေသည့် "ဦးနှောက်နှင့်စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဉာဏ်လင်းကျော်နှင့်တွေ့ဆုံစကားပြောခြင်း(သို့မဟုတ်) သက်ကြီးရွယ်အိုနှင့် စိတ်ကျန်းမာရေးပြဿနာ" စာအုပ်၊ ကောင်းဆက်နိုင်ရေးသားပြီး ပြည်သူ့ခေတ်စာပေမှထုတ်ဝေသည့် "အံ့ဩလွန်းလို့သေတော့မယ်" စာအုပ်နှင့် Dr.Khin Maung Nyunt ရေးသားပြီး Unity စာပေတိုက်မှ ထုတ်ဝေသည့် "Myanmar Superlatives" စာအုပ်တို့ဖြစ်ကြသည်။

ယခုနှစ်တွင် ဆရာဝန်ထင်ရွှေထစ်သက်တာစာပေဆုအဖြစ် စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ) အား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။ တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ ၀၁-၅၃၆၄၄၄ နှင့် ၀၉-၅၁၁၇၆စ၃တို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခွာညိုသင်းသင်း ပြာသိုနှင်းနှင့် သဘင်မြင်းခင်း စစ်အင်ကျင်းသည်

ဝိသာဇကု(ပဲခူး)

"ဆောင်းလရာသီ အညီပေါ်မြန်း
ကြိုင်ပျံ့မွန်းသည်၊ နွယ်ပန်းပွင့်လို့ လပြာသိုကား
မိန်ညိုချမ်ဝတ်၊ လျှောက်ပတ်ဆောင်ယောင်
ပျူးခေါင်မတ်ဖျား မင်းသားမင်းမြေး ဆုန်းရေးမှတ်လျက်
ခွယ်ယှက်ချိတ်စင်၊ မွမ်းမြင်တိုက်လွတ်၊ ပတ်ပတ်ဝန်းကျင်
မြေလျှင်မြေချင်း၊ မြင်းလည်းမြင်းလျှောက်၊ ထိုးမြောက်လုံလေး
ခုန်ထွေသံရှင်၊ စိုင်းနှင့်ကြွားကြွား၊ ဓားသွားနှုတ်ငင်
သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည့် . . ."

ဟူ၍ စာဆိုတော် ဦးအောင်ကြီးက ပြာသိုလဖွဲ့လူးတာတွင် မြင်းခင်းသဘင်အကြောင်းကို သီကုံးရေးစပ်ခဲ့၏။

"ရောင်သိင်္ဂီငယ်၊ ကြယ်ညီဖုသျှ မကာရမို့၊ ရွှေဝဥကင်၊ နန်းရင်ပြင်မှာ လျှံ့ရင်မြင်းခင်း သဘင်ကျင်းလို့ ရာခေါင်းတွက်စံ၊ ဗိုလ်ညီလာခံသောအခါ၊ ဆနွန်ပိုင်ပြောင်မွန်မှာ၊ အောင်တမ်းစွန်တေဇာပြူးလို့ ထုးလှတယ်လေး" ဟူ၍ ပြာသိုမြင်းခင်းသဘင်ပွဲတော်ကျင်းပသည်ကို ထည့်သွင်းဖွဲ့ဆိုကြသည်။

ဆယ့်နှစ်ရာသီပွဲတော်များအနက် မကာရရာသီဖြစ်သော ပြာလိုလသည် ရှေးမြန်မာမင်းများလက်ထက်က ကာယသတ္တိ ဉာဏဗျတ္တိတို့ကို ပြစပျိုးထောင်ပေးသည့် မြင်းခင်းသဘင်ရာသီပွဲဖြစ်ကြောင်းကို သီကုံးရေးစပ်ခဲ့ကြခြင်းဖြစ်သည်။

မြင်းခင်းသဘင်တွင် မြင်းသည် မြန်မာ့ဘိုးဘွားအစဉ်အဆက် အနေမစိမ်းခဲ့သော သတ္တဝါဖြစ်နေခဲ့သည်။ မြင်းစီးအတတ်ကိုလည်း အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်အပ်သော ပညာရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ မြင်းသည် မြန်မာမှုနယ်ပယ်တွင် အဆင်တန်ဆာဖြစ်၏။ ရှေးခေတ်က စစ်တိုက်ရာတွင် မြင်းစီး၊ ဆင်စီး ကျွမ်းကျင်ရန် အထူးလိုအပ်သည်။ မြင်းစီးကျွမ်းကျင်မှုသည် မင်းညီမင်းသား၊ စစ်သည်ရဲမက်များအတွက် လိုအပ်သော အရည်အချင်းတစ်ခုပင်ဖြစ်၏။

မြင်းခင်းသဘင်ဆိုသည်ကို မှင့်ဆိုရလျှင် မြင်းကို ပဓာနပြုသောအားဖြင့် မြင်းခင်းသဘင်ဟု ဆိုခြင်းဖြစ်၏။ မြင်းခင်းသဘင်ပွဲတစ်ခုတည်း ကျင်းပကြရခြင်းမဟုတ်ပါ။ ဆင်ဖမ်းပွဲ၊ လေးစမ်းပွဲ၊ သိုင်းစွမ်းရည်ပြိုင်ပွဲ နှင့် ဗလီခတ်ကစားနည်းများကိုလည်း ကျင်းပကြကြောင်း မှတ်တမ်းများရှိခဲ့သည်။ ထိုပွဲတော်များသည် ပင်းယခေတ်တစ်စီးရှင်သီဟသူလက်ထက် သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က စတင်ပေါ်ပေါက်လာသည်ဟု သိရသည်။ ဗလီခတ်ကစားဖွဲ့တော်တို့ကိုလည်း တောင်ငူခေတ်တွင် ကျင်းပကြသည်။ မင်းညီမင်းသား၊ စစ်သည်ရဲမက်တို့ကလည်း ဗလီခတ်ကစားပွဲကို စွဲမက်ကြဟန်တူ၏။ ဗလီခတ်ကစားပွဲသည် အင်းဝခေတ်တွင် ပေါ်ထွန်းလာခဲ့သည်ဟုဆို၏။ တောင်ငူခေတ်တွင် ပြန့်ပွားလာ၏။ နတ်သျှင်နောင်သည်ပင် ကစားနည်းကို ရေတွယ်ထားခဲ့သေးသည်။ ဤကစားနည်းကို ကုလီရိုက်ကစားနည်းဟုလည်းခေါ်၏။ တောင်ငူဘုရင်နတ်သျှင်နောင်သည် မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်၊ ညီနောင်သုံးပါးနှင့်အတူ ကုလီရိုက်ကစားလေ့ရှိသည်ကို သူ၏ရတုအချို့တွင် "ညီတော်လေးပါး၊ မှူးမတ်များနှင့် ကစားပျော်မြ၊ ကုလီလုသော်" ဟူ၍လည်းကောင်း၊ "မင်းရဲကျော်စွာ၊ ရိုက်ပါတုလည်း၊ မြောက်မှာစက်ပါ၊ တစ်ဖန်ခြားခဲ့၊ ကြိုးစားပန်းယု၊ သီဟသူလျှင် ဖမ်းယူမြှောက်ချီး၊ ကုလီသားကို၊ ဖြေကြီးတွင်သာ ယာလိုက်ကာတည်း"ဟူ၍ ကုလီကစားကြပုံကို အသေးစိတ်သရုပ်ဖော်ရေးသားခဲ့သည်ကို တွေ့ရသည်။

ထိုကစားနည်းသည် ကန်းမြင့်လျှိမြောင်မရှောင် တက်၍၊ ဆင်း၍၊ တွေ့၍၊ ဝိုက်၍ကစားရ၏။ လျင်မြန်ဖျတ်လတ်ပြီးမြင်းစီးကျင်လည်သော ကစားနည်းဖြစ်၏။ ထိုနည်းဖြင့် ရှေးအခါက ပြာသိုလ၏ ရာသီပွဲအဖြစ် မင်းအဆက်ဆက်က ပြုလုပ်လာခဲ့သည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီမင်း သုံးဆက်တိုင်တိုင် အမှုထမ်းခဲ့သော အင်ရုပန်ကြီးက အင်းဝခေတ်မြင်းခင်းသဘင် အစီအစဉ်ကို လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

> မြင်းခင်းသဘင်တွင် မြင်းသည် မြန်မာ့ဘိုးဘွားအစဉ်အဆက် အနေမစိမ်းခဲ့သော သတ္တဝါဖြစ်နေခဲ့သည်။ မြင်းစီးအတတ်ကိုလည်း အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်အပ်သော ပညာရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ မြင်းသည် မြန်မာမှုနယ်ပယ်တွင် အဆင်တန်ဆာဖြစ်၏။ ရှေးခေတ်က စစ်တိုက်ရာတွင် မြင်းစီး ဆင်စီးကျွမ်းကျင်ရန် အထူးလိုအပ်သည်။ မြင်းစီးကျွမ်းကျင်မှုသည် မင်းညီမင်းသား၊ စစ်သည်ရဲမက်များအတွက် လိုအပ်သောအရည်အချင်းတစ်ခုပင်ဖြစ်

မြင်း၏မျိုးကောင်း၊ မျိုးသန့်အရည်အချင်းကို ပြသခြင်းလည်းဖြစ်၏။ မြင်းစီးကျွမ်းကျင်ခြင်းဖြင့် သွားလာရေး၊ သယ်ယူပို့ဆောင်ရေးပါ လွယ်ကူစေသည်။ လူ၏စွမ်းရည်ပြသက်သက်မဟုတ်ပေ။ လူ၏ ကျန်းမာရေးအတွက်ပါ အထောက်အကူပြုပေးခြင်းဖြစ်၏။ မြင်း၏ခန္ဓာကိုယ်မြင်ပလှုပ်ရှားမှုမှ လူ၏ခန္ဓာကိုယ်တွင်းကိုယ်ပကျန်းမာရေးကို ရရှိစေမည်ဖြစ်သည်။ ထိုမြင်းခင်းသဘင်ပွဲသည် ကုန်းဘောင်ခေတ်တွင် အထူးထင်ရှားသောပွဲတော်ဖြစ်ခဲ့သည်။

ငွေနှင်းစိုစို လပြာသိုဟု ဆိုရိုးစကားလည်းရှိခဲ့၏။ မီးဝှုဝှုကင်မပသည့် လပြာသိုဆောင်းဆိုစကားနှင့်အညီ မီးလှုံသော်လည်း မနွေး၊ စောင်ခြုံသော်လည်း မလုံ၊ ခြုံလေအေးလေပြစ်လေသည်။ ထို့ကြောင့်ပင် စာဆိုရှင် မယ်ခွေက. . . . .

"မီးပုပုကင်မပသည့်၊ လပြာသိုဆောင်း၊ တည်ပေါင်းမှထောင်ရာ၊ ခြုံလေအေးလေ ကြက်သီးတွေနှင့်" ဟူ၍ စပ်ဆိုခဲ့သည်။ ပြာလိုလ၏အဆင်းကိုလည်း "တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုမှာ၊ နွယ်ခွာညိုမြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့လကိုလေး"ဟု မင်းကြီးမဟာအတုလဓမ္မိကရာဇာက လွမ်းချင်းဖြင့် စာပန်းချီခြယ်သခဲ့သည်။

ပြာသိုလသည် ထက်ကောင်းကင်တွင် မိုးတိမ်ကင်းစင်၏။ စိမ်းမြမြမြက်ခင်းတွင် မြူနှင်းများစိုကာ ခွာညိုတို့သင်းသည့် သာယာသောလရာသီဖြစ်သည့်အလျောက် ထိုရာသီတွင် ရှေးခေတ်ပုဂံသားတို့သည် မီးထွန်းရန် ပျားဖယောင်းများကိုသာ အားထားရကြောင်း သမိုင်းသုတေသီများကဆို၏။ ပျားအုံမရရှိသော ပျားဖယောင်းများကို ပြာသိုလတွင် မြောက်မြားစွာထွက်လေ့ရှိသောကြောင့် ပျားဖယောင်းရှာဖွေရန် အကောင်းဆုံးလ၏အမည်ကို အစွဲပြုမှတ်ယူပြီး ပြာသိုလဟု တချို့ကဆိုခဲ့သည်။ အမရကောသအဘိဓာန်ကျမ်းတွင် မကာရရာသီ၌ ဖုသျှနက္ခတ်နှင့်ယှဉ်သောလပြည့်နေကို "ပေါသျှ" ဟုလည်းကောင်း၊ ရာဇမတ္တကျမ်းတွင် ပေါသီပြာသိုဟုလည်းကောင်းဖွင့်ဆိုထား၏။ ထိုသို့ဖွင့်ဆိုထားချက်များအရ ရှေးခေတ်ရာသီဖွဲ့စာဆိုတစ်ဦးက "မာဃမလို၊ ပေါသီဆို၊ နဝိရင်းစကား၊ သတ္တိတလုစ်၊ ပြောသီဖြစ်၊ မြန်ခေတ်ပြာသိုထား" ဟူ၍သံပေါက်စပ် ဆိုထားခဲ့၏။ တချို့ပညာရှိများက ပရသီတလဟုသောပါဠိမှ မြန်မာဘာသာ ပြာသိုလသို့ ပြောင်းလဲလာသည်ဟု ဆိုကြသည်။ ပရသီတလဆိုသည်မှာ "အခြားသောလများထက် ပိုလွန်ချမ်းအေးသောလ"ဆို၏။ ထိုအဆိုကို ကျမ်းဂန်များက တိုက်ရိုက်မလာသော်လည်း ယုတ္တိရှိ၏။

ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ်ထတနှစ်ဖော်ဆိုသော ဗေဒင်အလိုအရ ပြာသိုလသည် မကာရရာသီဖြစ်၏။ မကာရဆိုသော ပါဠိစကားသည် ရေသတ္တဝါမကန်းငါးကိုဆိုလိုခြင်းဖြစ်၏။ ရှေ့ကသမင်နှင့် နောက်တွင်မကန်းငါးရုပ်သဏ္ဌာန်ရှိသော ရာသီရုပ်ဖြစ်သည်။ ကောင်းကင်တွင် လမင်းသည်ဖုသျှနက္ခတ်နှင့်ယှဉ်ပြည်ကာ ဥတ္တရာသဠ်နက္ခတ်နှင့်နေမင်းတို့ယှဉ်ကြ၏။ ပစ္စန်တာရာထွန်းပသောလဖြစ်၍ ဆီးနှင်းပြူများကျဆင်းနေသည်။ နေ့ဝါဆို၊ ညပြာသို ဆိုစကားနှင့်အညီ နေ့တာအတိုဆုံးနှင့်ညတာအရှည်ဆုံးသောလဖြစ်သည်။ ရက်မြတ်ရာဇာမှာ ကြာသပတေးနှင့် စနေနေ့တို့ဖြစ်၏။ ရက်ညံ့ပြဿဒါးသည် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့ဖြစ်ကြ၏။ ဆောင်းဥတု၏ အလယ်လဖြစ်သည်။

မြန်မာပြည်ရာသီဥတု၊ မြန်မာတို့၏တစ်ဆယ့်နှစ်လသည် တစ်လနှင့်တစ်လ မိုးရွာသွန်းပုံမတူညီကွဲပြားခြားနား၏။ ကွဲပြားခြားနားသည့်အလျောက် "ပြာသိုအတွင်း၊ မိုးညင်းညင်း၊ ဆီးနှင်းရောယှက်၊ နမ်းထောင်ပျက်" ဟူ၍ ရှေးကပညာရှိများက သီးနှံစိုက်သူများအား သတိပေးခဲ့သည်။ အချမ်းပိုသော ပြာသိုအခါတွင် ပွင့်လေ့ရှိသောပန်းနှင့် ကျင်းပလေ့ရှိသော ပွဲတော်မှာ "ပြာသိုမှာ ဖြာစိုနှင်းရယ်နှင့် ခါအလိုခွာညိုသင်းပါဘိ၊ မြင်းတော်မြတ်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး" ဟုရှေးကဗျာလာသည့်အတိုင်း ခွာညိုပန်းနှင့် မြင်းခင်းသဘင်ပွဲတော်ဟု ဆိုခဲ့ပြီးဖြစ်၏။

မျက်မှောက်ခေတ်တွင် ဤပြာသိုလ၏ ထူးခြားသည့်ပွဲတော်မှာ သူရဲကောင်းတို့၏ သတ္တိဗျတ္တိပြပွဲများနှင့် သဘောမျှင်းညီ၍ အသွင်ခြားသော စစ်သွေးစစ်မာန်၊ သခင်သွေးသခင်မာန် စိတ်ဓာတ်ဖြင့် "ကျွားကိုခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမမှုရာ" သဘောထားကာ မြင်းခွာသံ၊ ဓားခုတ်သံ၊ လှံထိုးသံတည်ညံဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို လုပ်ရှားခဲ့ကြ၏။

နယ်ချဲ့နှင့်ဖက်ဆစ်ဝါဒီများကို သတ္တိရော ဗျတ္တိပါပြကာ တော်လှန်ခဲ့ကြသည်။ ၁၃၀၉ ခု ပြာသိုလပြည့်ကျော် ၉ ရက် တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ က ဘုရင်ခံအိမ်တော်တွင် နှစ်ပေါင်းတစ်ရာကျော်တိုင်အောင် တိုင်ထိပ်ဖျားမှာ တလွင့်လွင့်လူနေသော အင်္ဂလိပ်တို့၏ယူနီယံဂျက်အလံကို ချခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံသည့် တိုင်ထိပ်သို့ တလွင့်လွင့်တက်လာခဲ့၏။ အချုပ်အခြာအာဏာပိုင်ဆိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ်သို့ ရောက်ရှိခဲ့သောလဖြစ်နေသည်။

မြန်မာနိုင်ငံတွင် ရှေးအစဉ်အလာမပျက်ရှိခဲ့သော ရာသီပွဲများတွင် ခွာညိုသင်းသင်းပြာသိုနှင်းဝွင့်နှင့်အတူ ကျင်းပသော မြင်းခင်းသဘင်ပွဲတော်သည် သူရဲကောင်းမျိုးစုံရှေးပွဲဟုဆိုနိုင်သည်။ ထိုသူရဲကောင်းတို့သည် အမိတိုင်းပြည်ကို သက်စွန့်ဆံဖျား မိမိတို့၏စွမ်းအားဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သူရသတ္တိလက်ရုံးစွမ်းရည်မြကြသည် ပွဲတော်ဓလေ့ပင်ဖြစ်ပေသည်။ ။

## ဝင်ငွေခွန်ပေးအပ်ပွဲ ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၂၅

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွက် ပုဂ္ဂလိကတစ်ဦးချင်းထံမှ ကောက်ခံရရှိငွေများအနက်မှ စည်ပင်သာယာရေးအဖွဲ့သို့ စည်ပင်သာယာဝေစု ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်နွယ်က ဝင်ငွေခွန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းငွေ ၁၈၃၇၆၀၂ ကျပ်ကို မြို့နယ်အခွန်ဦးစီးမှူးက ပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုဦးစီးမှူး (အခွန်) ဦးဇော်ပင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

နေလင်း(ညောင်လေးပင်)

ပြည်တွင်းရေးရာ

# တန်ဖိုးမြင့်ထုတ်ကုန်များတင်ပို့နိုင်ရေး တိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်သည် ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဗန္ဓုလခန်းမ၌ကျင်းပသော ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်စာချုပ်များ ကနဦးချုပ်ဆိုခဲ့ပြီး မြန်မာနိုင်ငံဘက်၌ တမူးမြို့၊ ရိဒ်မြို့နှင့် အိန္ဒိယနိုင်ငံဘက်တွင် မိုရေးမြို့၊ ချန်ဖိုင်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်ရေးမူဝါဒနှင့်အညီ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက၊ နယ်စပ်ကုန်သွယ်မှုအခွင့်အလမ်းများပါ တိုးတက်လာစေရေး၊ ကုန်စည်စီးဆင်းမှုပိုမိုအဆင်ပြေချောမွေ့စေရေး၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်ပယ်တွင် မိမိနိုင်ငံမှစားသုံးသူများအား အကာအကွယ်ရရှိစေရေး၊ ပြည်တွင်းမှ တင်ပို့မည့်ပစ္စည်းများအား ကမ္ဘာ့ဈေးကွက်တွင် စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းများဖြစ်ပြီး ဈေးကောင်းရရှိစေရန်စသည့် အချက်များအပေါ် အခြေခံဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒီဇင်ဘာလအထိ) နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုဖြစ်သော တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၊ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့် ကုန်သွယ်မှုပမာဏ VOT အနေနှင့် နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးကုန်စည်ပြပွဲများကျင်းပရေးအတွက် ပထမဆုံး ကုန်စည်ပြပွဲကို ၂၀၁၄ ခုနှစ် အစောပိုင်းတွင် ကျင်းပနိုင်ရေးအတွက် မန္တလေးမြို့နှင့် အင်ဖာမြို့များတွင် စီစဉ်ဆောင်ရွက်ခဲ့မြီး မြန်မာနိုင်ငံမှ အဓိကတင်ပို့ပစ္စည်းများအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများ အများဆုံးတင်ပို့ခဲ့ပြီး ဒေသတွင်း လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လုပ်ငန်းများတွင် ကျန်ရှိသော ဟင်းရွက်ထွက်၊ သစ်တောထွက်၊ သတ္တုတွင်းထွက်နှင့် အခြားကုန်ပစ္စည်းများအား တင်ပို့ဆောင်ရွက်နိုင်ရေးနှင့် တန်ဖိုးဖြင့်ထုတ်ကုန်များအား တင်ပို့နိုင်ရေး တိုးမြှင့်ဆောင်ရွက်ကြရန် ပြောကြားသည်။**(အပေါ်ပုံ)**

ကိုနောက် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်းနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ကုန်သွယ်မှုမြှင့်ထင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ကုန်သွယ်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များက ၎င်းတွေ့ကြုံရသည့်အားနည်းချက်၊ အားသာချက်များကိုတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးမြို့ ညောင်ပင်သာရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနရှိ ဂိုဒေါင်များအားလည်းကောင်း၊ မြို့မဈေးအနီးရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင်မြေနေရာတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေထုတ်ဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသာ PETROVIETNAM EXPLORATION PRODUCTION OVERSEAS CO., Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် 2D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SR/V. BINH MINH 02 (Call Sign: 3 WYN) ဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားသည်။

2D Marine Seismic Acquisition Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်သည်-

PVEP -2014: SEISMIC ACTIVITY AREA

| Point | Latitude | Longitude |
|---|---|---|
| A1 | 15° 24' 24.066"N | 93° 21' 04.463" E |
| A2 | 15° 59' 53.117"N | 93° 21' 03.119"E |
| A3 | 15° 59' 44.373"N | 94° 04' 49.340"E |
| A4 | 15° 46' 33.592"N | 94° 04' 32.816"E |
| A5 | 15° 24' 15.582"N | 93° 59' 09.709"E |

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် 2D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SR/V. BINH MINH 02 ဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## စည်းကမ်းမဲ့လွှတ်ကျောင်းတိရစ္ဆာန် ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၂၅**

သာကေတမြို့နယ် ဧရာဝဏ်လမ်း ကျောက်တိုင်မှတ်တိုင်အနီးတွင် စည်းကမ်းမဲ့လွှတ်ကျောင်းထားသည့် နွားငယ်တစ်ကောင် ကားလမ်းမပေါ် ခုန်ပေါက်ပြေးလွှားလျက်ရှိရာ ယာဉ်အန္တရာယ်နှင့် မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လာနိုင်သဖြင့် တာဝန်သိပြည်သူတို့၏ သတင်းပေးချက်အရ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် ဝန်ထမ်းများက ဖမ်းဆီးထိန်းသိမ်းကာ စည်ပင်သာယာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

"ကားတွေက မှတ်တိုင်နားနားတော့ ကားတော်တော်ရှုပ်တယ်၊ နွားလေးက လျှောက်သွားနေတော့ ယာဉ်တိုက်မှု တွေကြုံနိုင်တယ်၊ နွားကိုရှောင်ရင်လည်း ကားအချင်းချင်းယာဉ်တိုက်မှု ဖြစ်နိုင်တယ်၊ ဒါ့ကြောင့် ထိရစ္ဆာန်မွေးမြူသူများအနေနဲ့ စည်းကမ်းမဲ့ လွှတ်ကျောင်းမှုများမပြုလုပ်သင့်ပါဘူး"ဟု တာဝန်သိပြည်သူတစ်ဦးက ပြောသည်။

**(၁၉၇)**

## မဟာမြတ်မုနိဘုရားကြီး တစ်နေ့ရွှေဆိုင်းရောင်းရငွေ ကျပ်သိန်း ၃၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်မှုများပြားလာခြင်းကြောင့် ရွှေဆိုင်းရောင်းချမှုမှာ ထစ်နေ့လျှင် ကျပ်သိန်း ၃၀ ကျော်ရှိကြောင်း ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လှူဒါန်းငွေများအား ရွှေဆိုင်းတော်များ ပြန်လည်ဝယ်ယူခြင်း၊ ဘုရားကြီးဘက်စုံမွမ်းမံ ပြုပြင်ထိန်းသိမ်းရေးနှင့် နှစ်စဉ်ရိုးရာမပျက် ကျင်းပနေသည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအတွက် စနစ်တကျသုံးစွဲလျက်ရှိကြောင်း သိရသည်။

**(မင်းထက်အောင်)**

## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းပွဲ ကျင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မတပ်မကျန်အမှန်ကောက်ယူနိုင်ရေးအတွက် ပြည်သူများဝိုင်းဝန်းဆောင်ရွက်ပေးစေရန် ကွင်းဆင်းဆောင်ရွက်မှုကို ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနိုင်အေး (သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ)၊ မြို့နယ် (လဝက) ဦးစီးမှူး ဦးငွေသောင်း(သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည် (သန်းခေါင်စာရင်းကောက်ယူရေးကော်မတီအဖွဲ့ဝင်) တို့ပါဝင်သော အဖွဲ့များသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ခနောင်တိုအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြသည်။

ခနောင်တိုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများ၊ ရပ်ကွက်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ သန်းခေါင်စာရင်းကောက်ကွက် ၁၂ ကွက်မှ တာဝန်ခံ ဆရာဆရာမများနှင့် တွေ့ဆုံပြီး ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ သန်းခေါင်စာရင်း ကောက်ယူမှုကို မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကြရန် မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(၆၈၄)**

### ❖ ဝေလီကမ်းခြေမှ

ပိုင်ရင်လေးဦးထံ လျော်ကြေးငွေပေးအပ်ပြီးဖြစ်သောကြောင့် ယခုအခါ ဇီးဖြူကုန်းဆည်ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ တည်ဆောက်လျက်ရှိသည့် ဇီးဖြူကုန်းဆည်သည် မြေသားတမံအမျိုးအစားဖြစ်၍ တမံအမြင့် ၄၂ ပေ၊ အလျား ၃၂၄ ပေ၊ ရေလှောင်ပမာဏ ၁၁၂ ဂါလန်သန်းရှိမည်ဖြစ်ပြီး ကျပ်သိန်း ၃၃၀၀ ကုန်ကျမည်မြစ်ကြောင်း၊ ဆည်တည်ဆောက်ပြီးစီးမည်ရက်မှာ မတ် ၃၀ ရက်ဖြစ်ကြောင်းနှင့် ဆည်ပြီးစီးပါက ဇီးဖြူကုန်း၊ ငပလီ၊ မဇင်ကျေးရွာနှင့် ဟိုတယ်များ ရေလုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**(သံတွဲမောင်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်း၊ မြောင်နှင့် မြင်းမူတို့မှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရန် ကြိုးပမ်းနေသည့်ကာလဖြစ်ပါကြောင်း၊ ယင်းသို့ တိုးတက်အောင် ဆောင်ရွက်ရာ၌ အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာများမှ တစ်ဆင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆင့်မှသည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အခြေခံကျသည့် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမည့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များနှင့် မြို့မိမြို့ဖများကို တွေ့ဆုံရခြင်းဖြစ်၍ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် ဝါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာနိုင်ပြီဖြစ်မြီး နိုင်ငံရေးပါတီပေါင်း ၆၀ နီးပါးလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လွှတ်တော်အတွင်းသို့ ပါတီပေါင်း ၁၈ ပါတီမှ ပြည့်သူကိုယ်စားလှယ်များ ရောက်ရှိနေကြပြီဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်များ အရည်အချင်းရှိအောင်၊ အားကောင်းမောင်းသန်ဖြစ်အောင် ကြိုးစားနေကြောင်း၊ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိလွှတ်တော်အတွင်း၌ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် ဝါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ ကိုးကွယ်သည့် အယူဝါဒစွဲမထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဝါတီအချင်းချင်းရန်သူကဲ့သို့ သဘောမထားဘဲ လုပ်ဖော်ကိုင်ဖက်လို သဘောထားမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိနိုင်မှာ ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ တစ်ကြိမ်ပြဋ္ဌာန်းလိုက်ရုံနှင့် ပြီးပြည့်စုံပြီဟု မဆိုနိုင်ကြောင်း၊ အစဉ်အမြဲ မှန်ကန်ကောင်းမွန်နေမည်ဟု ယူဆ၍မရပါကြောင်း၊ ယခုအခါ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေမည့်အချက်များ ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံရေးဝါတီများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူများထံမှလည်း အကြံဉာဏ်များ တောင်းခံခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်ဆင်သုံးသပ်ရာတွင် တိုင်းပြည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်ဘဲ ပိုမိုကောင်းမွန်ဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်ဖြတ်ရေး၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေဘဲ ပိုမိုဖော်ဆောင်နိုင်ရေး၊ ပါတီစုံဒီမိုကမရစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အရှိန်အဟုန်ပိုမိုကောင်းစေရေးဆိုသည့် အချက်(၃)ချက်ကို အခြေခံစဉ်းစားရန်လိုကြောင်း၊ နိုင်ငံတကာစံနှုန်းများကိုကြည့်ကာ ဆန္ဒစောမြီးဆောင်ရွက်ရန် မသင့်သကဲ့သို့ ဖွဲ့စည်းပုံအမခြခံ ဥပဒေမပါဝါဝင်သည်မှာ မကြာသေး၍ မပြင်ဆင်သင့်သေးဟု ဇွတ်မှိတ်ပြောဆို၍လည်း မရပါကြောင်း၊ ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိမည့် ကိစ္စရပ်များကို ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စဉ်းစားဆုံးဖြတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် အဖွဲ့အစည်းများဖြစ်မကြောင်း၊ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူများ အမှန်တကယ်လိုအပ်သည့် ကိစ္စရပ်များတွင် အသုံးပြုရန် ပြည်ထောင်စုလွှတ်တော်က မြို့နယ်တစ်မြို့နယ်လျှင် ငွေကျပ် သိန်း ၁၀၀၀ နှုန်းဖြင့် ဖွံ့မြိုးရေးရန်ပုံငွေခွင့်ပြုပေးခဲ့ပြီးဖြစ်မကြောင်း၊ လာမည့် မတ်လမတိုင်မီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်း၍ စနစ်တကျ သုံးစွဲအကောင်အထည်ဖော်သွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအရ ခွင့်ပြုထားသော စီမံကိန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်သည့် လုပ်ငန်းများ ခြေပြစ်စေရဘဲ လုပ်ငန်းတစ်ခုလျှင် ငွေကျပ်သိန်း ၅၀ ထက်မပိုသော လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံပွဲမှတစ်ဆင့် ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို အမှန်တကယ် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် စစ်ကိုင်း၊ မြင်းမူနှင့် မြောင်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် ပြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။(အပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ စစ်ကိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ဆာလာဝပ်ပြည်နယ် ကူချင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ခရီးသွားဖိုရမ် ၂၀၁၅ နှင့် စပ်လျဉ်း၍ အာဆီယံအစဉ်အလာအရ မြန်မာနိုင်ငံအလှည့်ကျသဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့်အထောက်အကူပြုလုပ်ငန်းများအားလုံး ပြင်ဆင်ထားရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသတွင်းကိုယ်စားလှယ်အဖွဲ့များအား CNN သတင်းအဖွဲ့က နေ့လယ်စာဖြင့်ဟိုတယ်၌ ဧည့်ခံပြီး အာဆီယံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် CNN ၏ ကြော်ငြာအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဟိုတယ်နှင့်

# အာ

ခရီးသွားလာ
ဌာနသည် ပြည်
ရှင်များပါဝင်၍
Begil မြှင့်တင်
Road Myan
CNN Go အစီ
ဒေသ ဖွံ့ဖြိုး
ဆောင်ရွက်ခဲ့
ထို့နောက်
သည် မြန်မာနိ
ဖွံ့ဖြိုးတိုးတက်
ခရီးသွားလုပ်
အတွင်းရေးမှူး
အာရှပစိဖိတ်
အလုပ်အမှုဆေ
Martin J Crai
အထွေထွေ
Mr.Ma Ming
ကိုရီးယား ဗဟ
အတွင်းရေးမှူး
Moon Chun
ဆွေးနွေးခဲ့သ

## တောင်ကိုရီးယား၏ 5G အင်[...] သိသာစွာ တိုးတက်

တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၄ ခုနှစ်တွင် စတ
စမ်းသပ်အသုံးပြုနေပြီဖြစ်သော 5G အင်တာနက်
လိုင်း၏ အောင်မြင်မှုကို ပြည်နယ်ပြန်ကြားရေးစာမျက်
နှာများတွင် တွေ့ရှိရသည်။ အဆိုပါ 5G အင်တာနက်
လိုင်းအား အသုံးပြုသူများက ထိပ်တန်းအဆင့်ရှိ ရုပ်ရှ
ဇာတ်ကားတစ်ကားအား အင်တာနက်စာမျက်နှာမျာ
ပေါ်မှ အသုံးပြုသူတို့၏ စက်အတွင်းသို့ DOWN
LOAD ပြုလုပ်ရန် အချိန်မိနစ်အနည်းငယ်မျှပြ
ဆွဲယူကြည့်ရှုနိုင်သည်ဟု သိရသည်။ အဆိုပါ 5G
အင်တာနက်လိုင်းအား လာမည့် ၂၀၁၅-၂၀၁၆ ခုနှ
အတွင်း တောင်ကိုရီးယားတစ်နိုင်ငံလုံး အသုံးပြုနိုင်ရ
တောင်ကိုရီးယားအစိုးရမှ အမေရိကန်ဒေါ်လာ
ဒသမ ၅ ဘီလီယံအကုန်အကျခံ၍ တည်ဆောက်ဖန်တီ
ပေးသွားမည်ဟု ပြန်ကြားရေးမီဒီယာများတွင် တွေ့
သည်။ ယခုစမ်းသပ်အသုံးပြုဆဲကာလတွင် ၅ ဒသမ
၁၂ စက္ကန့်အတွင်း 4GB အထိလည်းကောင်း၊ ၁
ဒသမ ၃၆ စက္ကန့်အတွင်း 12 GB အထိလည်းကောင်
၂၅ ဒသမ ၆ စက္ကန့်အတွင်း 20 GB အထိလည်းကောင်
၃၈ ဒသမ ၄ စက္ကန့်အတွင်း 30GB အထိလည်းကောင်

○ ကျောဖုံးမှ

ဖြစ်ပြီး လီနာသည် ၂၀၁၁ ခုနှစ်က ပြင်သစ်အိုးပင်းတင်းနစ်ဖလား ရရှိခဲ့ပြီးနောက် ယခုတစ်ကြိမ်သည် လီနာအတွက် ဒုတိယမြောက်ရရှိခဲ့သည့် တင်းနစ်ဖလားလည်း ဖြစ်လာခဲ့ရသည်။

ယခု ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲသည် ဆလိုဗက်ကီးယားတင်းနစ်မယ် ဆီဘူကိုဗာအတွက် ပထမဆုံးအကြိမ်အဖြစ် ဂရင်းဆလင်းချန်ပီယံဆုရရေး နောက်ဆုံးဗိုလ်လုပွဲဖြစ်သည်။ ၂၀၁၄ ဩစတြေးလျတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးပွဲစဉ်များတွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဆရီနာဝီလျံ၊ ရာရာပိုဗာနှင့် ဗစ်တိုးရီးယားအဇာရန်ကာတို့သည် ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့ပြီး တရုတ်တင်းနစ်မယ် လီနာကမူ ယခုနှစ်ဩစတြေးလျအိုးဝင်းပြိုင်ပွဲတွင် တိကျသေချာသော ရိုက်ချက်များဖြင့် အကောင်းဆုံးကစားခဲ့ကာ ယခုကဲ့သို့ ဩစတြေးလျအိုးဝင်းတင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

## တောင်သူများ ဝင်ငွေနှစ်ဆတိုးစေမည့် ချက်ကြံသီးနှံ သိပ္ပံနည်းကျစိုက်စနစ် လက်တွေ့စိုက်မျိုးပြသ

တပ်ကုန်း ဇန်နဝါရီ ၂၅

တပ်ကုန်းမြို့နယ် စက်မသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများ ဦးဆောင်၍ ဝုစွန်ဆိတ်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၉၇" ဦးပိုင် (၉၉)ရှိ တောင်သူဦးကျော်၏ လုပ်ကွက်သုံးဧကတွင် တစ်ဧက တန် ၆၀ ထွက်ရှိမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် လက်တွေ့စိုက်ပျိုးပြသခြင်းကို ဆောင်ရွက်ခဲ့သည်။(အပေါ်ပုံ)

စိုက်ပျိုးပြသပွဲသို့ အနီးပတ်ဝန်းကျင်မှ ကြံတောင်သူ ၅၀ ခန့် လာရောက်ကြည့်ရှုကြပြီး ဤကဲ့သို့ အထွက်ကောင်းကြံမျိုး K 95/84 မျိုးမြင့် သိပ္ပံနည်းကျ စိုက်စနစ်အတိုင်း စိုက်ပျိုးမည်ဆိုပါက ဒေသကြံမျိုးများ စိုက်ပျိုးခြင်းထက် အထွက်နှစ်ဆတိုးပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိ ဒေါ်ဌေးဌေးရီက ရှင်းလင်းပြောကြားခဲ့သည်။

(၀၉၂)

## မလေးရှားနိုင်ငံ၌ မြန်မာတိုင်းရင်းဆေးမျိုးစုံ ၁၀ တန်ကျော် ဖမ်းဆီးရမိ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၅

မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်သော အထူးအဖွဲ့တစ်ဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာဆိုင်တစ်ဆိုင်ဖြစ်သော သိဒ္ဓိဝင်ဆိုင်အား ဝင်ရောက်ပြီး ထိုဆိုင်ရှိ မြန်မာတိုင်းရင်းဆေး ၁၀ တန် ဖမ်းဆီးခဲ့ကြောင်းနှင့် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြသွားခဲ့ကြောင်း မလေးရှားရောက်မြန်မာများက ဆိုသည်။

ပြန်မာနိုင်ငံသားများအတွင်းမှ ကွာလာလမ်ပူတွင် မြန်မာဆိုင်များကို ဖမ်းဆီးသည်ဟု သတင်းထွက်ပေါ်ခဲ့သော်လည်း ထိုသတင်းမှာ အမှန်တကယ် မြန်မာဆိုင်များကို ဖမ်းဆီးခြင်းမဟုတ်ဘဲ သိဒ္ဓိဝင်ဆိုင်ရှိ မြန်မာတိုင်းရင်းဆေးများ၊ မြန်မာပြည်မှ တင်သွင်းသော အနောက်တိုင်းဆေးဝါးများကို မှတ်ပုံတင်ခြင်းမရှိသော ဆေးများအဖြစ်သာမက လိင်အင်္ဂါဆိုင်ရာ ရောဂါပိုးကို မိမိဖြစ်စေနိုင်သော ဆေးများအဖြစ် သတ်မှတ်ကာ ဖမ်းဆီးသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

City Health Department Deputy Director ( pharmacy) Syed Fadzli Syed Syialuddin (ကျန်းမာရေးဝန်ကြီးဌာန မြို့တော်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး) မှ တာဝန်ရှိသူများအားလုံး ယခုကဲ့သို့ ဖမ်းဆီးနိုင်ရန် တစ်လတိတိ အချိန်ယူခဲ့ကြရကြောင်း၊ သိဒ္ဓိဝင်ကုမ္ပဏီပိုင်နေအိမ်များ၊ အခန်းများကို တစ်လတိတိစောင့်ကြည့်ပြီးမှ ဝင်ရောက်ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ စတိုးဆိုင်သုံးဆိုင်၊ ဘန်ဝလိုနှစ်လုံးနှင့် Persiaran Syed Putra တို့တွင် သိုလှောင်ထားသော ဆေးအားလုံးကို ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ အခြားဆေးဝါးအဖြစ် painkillers, antibiotics, antihistamines, antacids, psychotropic pills, contraceptives and motion sickness pills စသော မြန်မာနိုင်ငံထုတ် ဆေးဝါးများနှင့် အိန္ဒိယနိုင်ငံထုတ် ဆေးဝါးများအပါအဝင် စုစုပေါင်း မလေးရှားရင်းဂစ် ၂ ဒသမ ၀ သန်းတန်ဖိုးကို ဖမ်းဆီးခဲ့ကြောင်း၊ ဂျလန်းလီဝိပုဒ်းရှိ မြန်မာဆိုင်တန်းများတွင် အဆိုပါဆေးများ ရောင်းချနေသော မြန်မာနိုင်ငံသား လေးဦးကိုလည်း စစ်ဆေးရန် ဖမ်းဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးဝါးများမှာ မလေးရှားအစိုးရ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် အချို့မှာ တားဖြစ်ထားသော အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဗေဒပစ္စည်းများပါဝင်ကြောင်း၊ ထို့အပြင် ဆေးများမှာ ဓလကြောင်းဖြင့် အဓိကမဟုတ်ဘဲ ဖြန်မာစားသောက်ကုန်ဆိုင်သောပုံများဖြင့် ရေကြောင်းမှ အဓိကဝင်ရောက်လာသော ဆေးများဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသားများကို ပြန်လည်ရောင်းချမည့် ဆေးများဖြစ်နိုင်ကြောင်း၊ ဆေးဝါးများမှာ ဝယ်လိုအားများပြီး တရားဝင်ရောင်းချနေသော ဆေးဝါးများထက် နှစ်ဆနီးပါး ဈေးသက်သာကြောင်းနှင့် မြန်မာနိုင်ငံသားများကြား အလွန်ရေဝန်းစားသော ဆေးဝါးများ ဖြစ်ကြောင်းကို Syed Fadzli က ပြောကြားသည်။

ဆက်လက်ပြီး မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြန်မာဆိုင်တန်းများအတွင်း အဆိုပါဆေးဝါးများ ရောင်းချမှုမှာ တစ်ရက်လျှင် မလေးရှားသုံးငွေကြေး ရင်းဂစ် ၅၀၀၀ ဖိုးရှိကြောင်း၊ မြန်မာဆေးများကြောင့် မလေးရှားပြည်တွင်း ဆေးဈေးကွက်အတွင်း ထုတ်ကုန်များကို ထိခိုက်စေနိုင်သလို မလေးရှားနိုင်ငံတွင်း မည်သူမဆို မလေးရှားတွင် တရားဝင်မှတ်ပုံတင်ထားသော ဆေးများကိုသာ ရောင်းချရမည်ဖြစ်ကြောင်း ယမန်နေ့က သတင်းစာများပါ သတင်းများတွင် ဖော်ပြပါရှိခဲ့ကြောင်းဖြင့် မလေးရှားရောက်မြန်မာများက ဆက်သွယ်ပြောခဲ့သည်။

(စိုးဝင်း-MLA)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၆:၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | | “လီယိုကိုလျို့ဝှက်သင်္ကေတ” |
| ၁၂:၃၅ | ဖြူမည်းရုပ်ရှင် “ချစ်သဝိုင်းဝိုင်းလည်” (ပထမပိုင်း)(ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-ဝါဝါဝင်းရွှေ) | ၇:၀၀ | ပြည်တွင်းသတင်း |
| ၃:၁၅ | ဖြူမည်းရုပ်ရှင်“ချစ်သဝိုင်းဝိုင်းလည်” (ဒုတိယပိုင်း)(ညွှန့်ဝင်း၊ဝါဝါဝင်းရွှေ) (ဒါရိုက်တာ-ဝါဝါဝင်းရွှေ) | ၇:၂၀ | ဇန်နဝါရီလ မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်များ” |
| ၄:၁၅ | “တောင်သူတွေဝင်ငွေတိုးစေမည့် ဟဲဟိုးမြို့က သီးနှံအခြောက်စက်ရုံလေး” | ၈:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း |
| ၄:၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အရှေ့တိုင်းပညာ အထူးပြု)(အရှေ့တိုင်းပညာ) | ၈:၃၅ | ပြည်သူ့နိတိ “စေတနာသည်လူတိုင်းနှင့်မတန်” (အရိုင်း၊ ငက်ဝျောကြော်၊ လအဥ္ဇလီတင်) |
| ၆:၂၀ | ကာတွန်းအစီအစဉ် | ၈:၄၅ | ကြယ်ပွင့်များရဲ့အထင်ကရတေးများ |
| | | ၉:၀၀ | ပြည်တွင်းသတင်း -တစ်မျက်နှာတစ်ကွက်စာ “နောက်ဆုံးငါးမိနစ်” (ဒုတိယပိုင်း) (သားညီ၊ စွမ်းရည်၊ ခိုင်ပွင့်) (ဒါရိုက်တာ-ခတော(MMG)) ရင်ခုန်လက်ကမ်းတေးသစ်လမ်း |

## ရုပ်ရှင်မင်းသမီးကြီးခင်ယုမေ

အဆိုတော် ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီခင်ယုမေသည် ဇန်နဝါရီ ၂၄ရက် ည ၈ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ် အမှတ်(၂၉) နေအိမ်တွင် ကွယ်လွန်သွားခဲ့သည်။ ၎င်းကွယ်လွန်ချိန်မှာ အသက် ၇၈ နှစ်ရှိပြီဖြစ်သည်။

ခင်ယုမေသည် ၁၉၆၁ ခုနှစ်က ကိုယ်ပိုင်မေတ္တာနှင့် ၁၉၇၅ ခုနှစ်က ရွှေခြည်ငွေခြည်တန်းပါလို့ စသည့် ဇာတ်ကားများဖြင့် အမျိုးသမီးသရုပ်ဆောင် အကယ်ဒမီဆုကို နှစ်ကြိမ်ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

အကယ်ဒမီခင်ယုမေကို ၁၉၃၇ ခုနှစ် မတ်လတွင် အဖ ဦးယုစွမ်း၊ အမိ ဒေါ်ကြင်မြိုင်တို့က ရန်ကုန်မြို့တွင် မွေးဖွားခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် စိန့်ဖရန် ကွန်ဗင့်ကျောင်းနှင့် ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့ မိန်းကလေး



များ အထက်
တက္ကသိုလ်ဝင်
သင်ကြားခဲ့သ
ရေးစပ်သီကုံး
တေးသီချင်းကို
ကိုလည်း “
သည်။ တေးဗ
ရောက်သောအ
အမည်ဖြင့်

# အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ဆာလာဝပ်ပြည်နယ် ကူချင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ခရီးသွားဖိုရမ် ၂၀၁၅ နှင့် စပ်လျဉ်း၍ အာဆီယံအစဉ်အလာအရ မြန်မာနိုင်ငံအလှည့်ကျသဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့်အထောက်အကူပြုလုပ်ငန်းများအားလုံး ပြင်ဆင်ထားရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသတွင်းကိုယ်စားလှယ်အဖွဲ့များအား CNN သတင်းအဖွဲ့က နေ့လယ်စာပြင်ဟိုတယ်၌ ဧည့်ခံပြီး အာဆီယံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် CNN ၏ ကြော်ငြာအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များပါဝင်၍ Let the Journey Begil မြှင့်တင်မှုအစီအစဉ်၊ On the Road Myanmar အစီအစဉ်နှင့် CNN Go အစီအစဉ်များကို ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်းအတွင်းရေးမှူးချုပ် Dr.Taleb Rifai၊ အာရှပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့ အလုပ်အမှုဆောင်ဥက္ကဋ္ဌ Mr. Martin J Craigs၊ အာဆီယံ-တရုတ် အထွေထွေ အတွင်းရေးမှူးချုပ် Mr.Ma Mingqiang၊ အာဆီယံ-ကိုရီးယား ဗဟိုဌာန၏ အထွေထွေ အတွင်းရေးမှူးချုပ် Amb.Hae Moon Chung တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ASEAN GREEN HOTELS AWARD ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံမှ ဆုရဟိုတယ်များကို ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်သည်။

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် အာဆီယံ- တရုတ်- ဂျပန်-ကိုရီးယားခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ကျင်းပပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ မီဒီယာအချို့၏မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အာဆီယံခရီးသွားဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ဘွန်နီယိုကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ဒေသတွင်းနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့်အတူ ခရီးသွားလုပ်ငန်းကွန်ဖရင့်အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံအလိုက် ပြခန်းများအား ကြည့်ရှုအားပေးကြသည်။ ယင်းအာဆီယံခရီးသွားပြခန်းတွင် ပြခန်းပေါင်း ၂၉၆ ခန်း ဖွင့်လှစ်ပြသပြီး နိုင်ငံတကာမှ ကိုယ်စားလှယ် ၇၀၀ ခန့် တက်ရောက်သည်။

ညပိုင်းတွင် ၂၀၁၅ ခုနှစ်၌ ကျင်းပမည့် အာဆီယံခရီးသွားဖိုရမ်အတွက် တက်ရောက်သူ ကိုယ်စားလှယ်များအား မြန်မာညစာစားပွဲကို ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာအကများ၊ အစားအစာများဖြင့် ကပြဧည့်ခံကျွေးမွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက်တွင် ကွန်ဗင်းရှင်းစင်တာ၌ကျင်းပသည့် ခရီးသွားကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်တွင် ဆာရာဝပ်ရိုးရာယဉ်ကျေးမှုကျေးရွာသို့ သွားရောက်လေ့လာပြီး ညပိုင်းတွင်ကျင်းပသည့် အာဆီယံခရီးသွားဖိုရမ် ၂၀၁၄ ခုနှစ် ပိတ်ပွဲနှင့် အထိမ်းအမှတ်အလံ လွှဲပြောင်းခြင်းအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးသည် ဆာရာဝပ်ပြည်နယ်ခရီးသွားလုပ်ငန်းဝန်ကြီး၊ မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီးတို့နှင့်အတူ မီးခွန်းပြောကြားပြီး အာဆီယံခရီးသွားဖိုရမ် အထိမ်းအမှတ်အလံကို လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆိပ်ကြီးကျွန်းအငူကမ်းပြိုကာကွယ်ရေးလုပ်ငန်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ ဆိပ်ကြီးကျွန်းအငူကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့နယ်အားကစားကွင်း၌ ကျင်းပသည့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရပ်ကွက်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုပြိုင်ပွဲ ရည်ရွယ်ချက်မှာ မြန်မာဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေရေး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ ဘောလုံးအားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရေးနှင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဝတ်ဆောင် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာရေးကို အဓိကရည်ရွယ်ကြောင်း၊ ပြိုင်ပွဲ၏ရည်မှန်းချက်အောင်မြင်စေရန်နှင့် အနုစိတ်သာရများ အကောင်အထည်ပေါ်လာအောင် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ဘောလုံးယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

(၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘောလုံးပြိုင်ပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၀၂ ရက်အထိကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၃၁ သင်းဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆိပ်ကြီးအနောက်ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းရှိ ဆိပ်ကြီးခနောင်တို မြို့မဈေး ဆောက်လုပ်မည့် မြေနေရာနှင့် တိုက်ချောင်း ကွန်ကရစ်တံတားကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ကိုရီးယား၏ 5G အင်တာနက်လိုင်းအမြန်နှုန်း သိသာစွာ တိုးတက်



တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၄ ခုနှစ်တွင် စတင်စမ်းသပ်အသုံးပြုနေပြီဖြစ်သော 5G အင်တာနက်လိုင်း၏ အောင်မြင်မှုကို ပြည်နယ်ပြန်ကြားရေးစာမျက်နှာများတွင် တွေ့ရှိရသည်။ အဆိုပါ 5G အင်တာနက်လိုင်းအား အသုံးပြုသူများက ထိပ်တန်းအဆင့်ရှိ ရုပ်ရှင်ဇာတ်ကားတစ်ကားအား အင်တာနက်စာမျက်နှာများပေါ်မှ အသုံးပြုသူတို့၏ စက်အတွင်းသို့ DOWNLOAD ပြုလုပ်ရန် အချိန်မိနစ်အနည်းငယ်မျှဖြင့် ခွဲယူကြည့်ရှုနိုင်သည်ဟု သိရသည်။ အဆိုပါ 5G အင်တာနက်လိုင်းအား လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တောင်ကိုရီးယားတစ်နိုင်ငံလုံး အသုံးပြုနိုင်ရန် တောင်ကိုရီးယားအစိုးရမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအကုန်အကျခံ၍ တည်ဆောက်ဖန်တီးပေးသွားမည်ဟု ပြန်ကြားရေးမီဒီယာများတွင် တွေ့ရသည်။ ယခုစမ်းသပ်အသုံးပြုဆဲကာလတွင် ၅ ဒသမ ၁၂ စက္ကန့်အတွင်း 4GB အထိလည်းကောင်း၊ ၁၅ ဒသမ ၃၆ စက္ကန့်အတွင်း 12 GB အထိလည်းကောင်း၊ ၂၅ ဒသမ ၆ စက္ကန့်အတွင်း 20 GB အထိလည်းကောင်း၊ ၃၈ ဒသမ ၄ စက္ကန့်အတွင်း 30GB အထိလည်းကောင်း

DOWNLOAD ပြုလုပ်ရရှိနိုင်သည်ဟု သိရသည်။ လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တောင်ကိုရီးယားတစ်နိုင်ငံလုံးအသုံးပြုနိုင်ရန်ကြိုးစား၍ ယင်း NETWORK ကွန်ရက်အား အပြီးသတ်တည်ဆောက်ပေးသွားမည်ဟု တောင်ကိုရီးယား၏ NETWORK အင်ဂျင်နီယာများက မီဒီယာစာမျက်နှာများတွင် ပြောကြားထားမှုများ တွေ့ရှိရပါသည်။

# ရုပ်ရှင်မင်းသမီးကြီးခင်ယုမေ ကွယ်လွန်

အဆိုတော် ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီခင်ယုမေသည် ဇန်နဝါရီ ၂၄ရက် ည ၈ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ် အမှတ်(၂၉) နေအိမ်တွင် ကွယ်လွန်သွားခဲ့သည်။ ၎င်းကွယ်လွန်ချိန်မှာ အသက် ၇၈ နှစ်ရှိပြီဖြစ်သည်။

ခင်ယုမေသည် ၁၉၆၁ ခုနှစ်က ကိုယ်ပိုင်မေတ္တာနှင့် ၁၉၇၅ ခုနှစ်က ရွှေခြည်ငွေခြည်တန်းပါလို့ စသည့် ဇာတ်ကားများဖြင့် အမျိုးသမီးသရုပ်ဆောင် အကယ်ဒမီဆုကို နှစ်ကြိမ်ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

အကယ်ဒမီခင်ယုမေကို ၁၉၃၇ ခုနှစ် မတ်လတွင် အဖ ဦးယစွမ်း၊ အမိ ဒေါ်ကြင်မြိုင်တို့က ရန်ကုန်မြို့တွင် မွေးဖွားခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် စိန့်ဖရန် ကွန်ဗင့်ကျောင်းနှင့် ၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့ မိန်းကလေး

များ အထက်တန်းကျောင်းတို့တွင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။ ဆရာမြို့မသီး ရေးစပ်သီကုံးပေးသော "မေပန်းချီ" တေးသီချင်းကိုသီဆိုခဲ့သလို နာမည်ကိုလည်း "မေပန်းချီ" ဟု ပေးခဲ့သည်။ တေးဗိမာန် တရိယာအဖွဲ့သို့ ရောက်သောအခါမှသာ "ခင်ယုမေ" အမည်ဖြင့် သီဆိုခဲ့သည်။

ခင်ယုမေ၏ ရိုင်းတဲ့စင်ရော်၊ ချိန်းတဲ့ည၊ ငွေကြယ်လေး၊ ရွှေမန်းမေ၊ စကားတက္ကသိုလ စသည့်တေးသီချင်းများသည်လည်း အောင်မြင်ကျော်ကြားခဲ့သော ရေဒီယို၊ ဓာတ်ပြား၊ ရုပ်ရှင်တေးသီချင်းများဖြစ်သည်။

တစ်ခေတ်တစ်ခါက ခေတ်မီဆန်းသစ်သော ဝတ်စားဆင်ယင်မှု၊ မြူးကြွတဲ့ တေးသီချင်းဝေါ်ပေါ်များစွာ၊ ရုပ်ရှင်ဇာတ်ကားကောင်းများစွာဖြင့် ထင်ရှားကျော်ကြားခဲ့သော အကယ်ဒမီခင်ယုမေသည် အဆိုကျော်ဘဝမှ သရုပ်ဆောင် ဖြစ်လာချိန်တွင် ပင်ကိုဝါသနာဖြစ်သော ဖက်ရှင်မျိုးစုံကို တီထွင်ဝတ်ဆင်လာခဲ့ပြီး ဒူးအောက်ရောက် စကတ်ထဘီများ၊ ငယ်ထိပ်တည့်တည့်၌ ဘူးပွင့်သဏ္ဌာန် အပွင့်ဖော်သည့် ဆံပင်ဖက်ရှင်၊ ဗီးဟိုက်ခေါ် ပျားအုံပုံစံ ဆံပင်ဖက်ရှင်များကို တီထွင်ခဲ့သည်။ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံတစ်လွှားရှိ မိန်းကလေးများမှာ ခင်ယုမေဖက်ရှင်ဟု တစ်ခေတ်စားခဲ့သည်။

(မာမာလင်း)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တာချီလိတ်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော်၏အုပ်ချုပ်ရေးရာများကို ဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းအသီးသီး၏ကဏ္ဍသည် အရေးကြီးကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ အောင်ပြတ်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အုပ်ချုပ်မှုရေးရာများသည် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝပေါ်မှာ အဓိကလွှမ်းမိုးနေသည့်ကိစ္စဖြစ်ကြောင်း၊ ပြည်သူများ၏ နေ့စဉ်လုပ်ငန်းစဉ်များ သက်သောင့်သက်သာရှိမှု၊ လွယ်ကူအဆင်ပြေမှု၊ လူမှုဘဝတွေလုံခြုံမှုရှိမှုသာ အစိုးရ၏ကျင့်သုံးနေသည့် စနစ်ကောင်းမွန်သည်ဟု ဆိုနိုင်မှာဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက နယ်မြေဒေသဆိုင်ရာ အချက်အလက်၊ ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေးကဏ္ဍလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကလည်း သိလိုသည်များနှင့် အခက်အခဲများတင်ပြချက်အပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ကြေးမုံ စာအုပ်စင်

## တက္ကသိုလ်နန္ဒမိတ်၏ ဘဝနှင့်စာပေအတ္ထုပ္ပတ္တိ

စာရေးဆရာကြီး တက္ကသိုလ်နန္ဒမိတ်သည် ကျွန်တော်တို့ရှေ့တစ်ခေတ်စောကာ ပေါ်ထွန်းခဲ့သည့် ဆရာကြီးတစ်ဦးဖြစ်သည်။

ဆရာနန္ဒမိတ်သည် ပင်ကိုရေး၊ ဘာသာပြန်၊ အမှီးစသည်ဖြင့် ရေးသားခဲ့ဝါသည်။ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ပြဇာတ်၊ ကဗျာစသည်ဖြင့် စာပေပုံသဏ္ဌာန်အတော်စုံစုံပင်ရေးသားခဲ့သည်။

"စာရေးချင်သောသူများသို့"၊ 'ယုံကြည်ချက်အတွက် အသက်စွန့်သူများ'၊ 'မိန်းမသုတေသန' စသော ကျမ်းများလည်းပြုစုခဲ့သည်။

ဆရာနန္ဒမိတ်သည် မဂ္ဂဇင်းများတွင်လည်း အယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ဤအတ္ထုပ္ပတ္တိပြုစုသူ ဆရာကြည်နိုင်ကငါးနှစ်တာမျှ အချိန်ယူ၍ ဆရာနန္ဒမိတ်၏ ဘဝနှင့်စာပေဖြတ်သန်းမှု အတွေ့အကြုံများကို ဆရာမွေးဖွားသည်မှကွယ်လွန်ချိန်အထိ သုတေသနပြု ရေးသားထားခြင်းဖြစ်ပြီး အမွှာညီနောင်စာပေတိုက်မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့်ဖြန့်ချိသည်။

## မြန်မာပြည်တစ်ခွင်လမ်းညွှန်

ဆရာတင်နိုင်တိုးပြုစုသော မြန်မာပြည်တစ်ခွင်လမ်းညွှန်စာအုပ်ထွက်ရှိလာသည်။ မြန်မာပြည်မှာနေ၍ မြန်မာပြည်ရှိ မြို့ရွာဒေသ၊ ဘုရားကျောင်းကန်တန်ဆောင်းများအသီးသီး၏ ဒေသန္တရဗဟုသုတသမိုင်းများကိုမသိလျှင် အခြားသူများ အထင်သေးနိုင်သည်။ ဤစာအုပ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့၏ ထင်ရှားကျော်ကြားသူများ၊ စိတ်ဝင်စားဖွယ်နေရာဒေသများ၊ ကြည့်ရှုလေ့လာဖွယ်ဒေသများ၊ ကြည်ညိုဖူးမြော်ဖွယ်ဘုရားစေတီများ စသည်တို့အပြင် အခြားဗဟုသုတပေါင်းများစွာပါဝင်သည်။

စာအုပ်ကို Super Market စာအုပ်ဆိုင်ကြီးများနှင့် မဇ္ဈိမစာပေ အမှတ် (၂၃၇) (၃၉)လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း- ၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## အိုဟင်နရီ၏ အကောင်းဆုံးဝတ္ထုတိုများ

နန္ဒစိုးမြန်မာပြန်သော "အိုဟင်နရီ၏ အကောင်းဆုံးဝတ္ထုတိုများ" စာအုပ်ထွက်ရှိလာသည်။

အမေရိကန်စာပေလောကတွင် ဂန္ထဝင်မြောက်ဝတ္ထုတိုများ ရေးသားနိုင်သော စာရေးဆရာ "အိုဟင်နရီ"မှာ သက်တမ်းအားဖြင့် (၄၃) နှစ်မျှသာ အသက်ရှင်ခဲ့ရပြီးစာရေးသက် (၂၁) နှစ်အတွင်း ဝတ္ထုတိုပေါင်း ၂၈၃ ပုဒ်ရေးသွားနိုင်ခဲ့သည်။ နှစ်ဆယ်ရာစု အစောပိုင်းကာလ ဝတ္ထုတိုအရေးနိုင်ဆုံးစာရေးဆရာအဖြစ် အသိအမှတ်ပြုခြင်းခံရသူဖြစ်သည်။

အိုဟင်နရီ၏ဝတ္ထုများထဲမှ အကောင်းဆုံးဝတ္ထုတိုများ အမှတ် (၁) အဖြစ် ဝတ္ထုတို ၁၄ ပုဒ်ကို နန္ဒစိုးကပြန်ဆိုထားသည်။ ယင်းစာအုပ်ကို ဖော်မွန်စာပေမှ ထုတ်ဝေပြီး မြန်မာ့ခေတ်စာပေ အမှတ် (၁၇) ဦးဝိဇ္ဇာလမ်း (၇)ရပ်ကွက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၇၂၅မှ တန်ဖိုး ငွေကျပ် ၀၅၀၀ ဖြင့် ဖြန့်ချိသည်။

## လက်တွေ့အသုံးချ ဖုန်းပြောဆိုခြင်းနှင့် ဧည့်ကြိုလုပ်ငန်းခွင်သုံး အင်္ဂလိပ်စကားပြော

လက်တွေ့အသုံးချ ဖုန်းပြောဆိုခြင်းနှင့် ဧည့်ကြိုလုပ်ငန်းခွင်သုံး အင်္ဂလိပ်စကားပြောစာအုပ်ထွက်ရှိလာသည်။ ယနေ့ကမ္ဘာကြီး၌ အချင်းချင်း ဆက်ဆံရေးလွယ်ကူစေရန် ဆက်သွယ်ရေးကိရိယာများကို ယခုအခါ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပြီဖြစ်ရာ တယ်လီဖုန်းမှာအသုံးအများဆုံး ဆက်သွယ်ရေးကိရိယာသဖွယ် ဖြစ်နေဝါသည်။ တစ်ဦးနှင့်တစ်ဦး တယ်လီဖုန်းပြောဆိုမှု၊ နိုင်ငံတကာနှင့် တယ်လီဖုန်းဆက်သွယ်မှုတို့နှင့်အလေ့အထလေးများကို ညွှန်းဆိုဖော်ပြပေးထားပါသည်။ ဟိုတယ်လုပ်ငန်းများ၊ အဖွဲ့အစည်းများ၏အရေးပါသော First impression ဖြစ်သော Reception ဌာန၏ အရေးပါပုံတာဝန်များနှင့် ၎င်းတို့၏အခက်အခဲဖြေရှင်းပုံများနှင့်တကွ လက်တွေ့နယ်ပယ်ရှိ ပြောဆိုပုံများကိုဖော်ပြပေးထားသော စာအုပ်ဖြစ်သည်။

ဤစာအုပ်ကို APS စီးပွားရေးသင်တန်းကျောင်း အမှတ်(၃၆၁) ပထမထပ် ဗိုလ်အောင်ကျော်လမ်း (အထက်) ဖုန်း-၀၉-၃၁၂၈၈၆၄၇၊ ၀၉-၃၁၁၁၈၀၁၄ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## ယာဉ်အိုယာဉ်ဟောင်းအပ်နှံရာတွင် မြင်သာကညနရုံးမှ (သန်လျင်) ကညနရုံးသို့ ပြောင်းလဲပြုလုပ်ရမည်မှာ မဟုတ်မှန်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ယာဉ်အိုယာဉ်ဟောင်း အပ်နှံခြင်းပြုလုပ်ပေးရာတွင် မြင်သာကညနရုံးမှ သန်လျင်ကညနရုံးသို့ ပြောင်းလဲပြုလုပ်သွားရမည်မှာ မဟုတ်မှန်ကြောင်း မြင်သာကညနရုံးမှ ခရိုင်ဦးစီးမှူး ဦးစန်းယုက ပြောသည်။

မြင်သာကညနရုံးမှ သန်လျင်ကညနရုံးသို့ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုကို ဇန်နဝါရီ ၂၇ ရက်မှစတင်၍ ပြောင်းလဲပြုလုပ်သွားရမည်ဟု သတင်းများထွက်ပေါ်လျက်ရှိပြီး ယင်းသတင်းကြောင့် ယာဉ်ပိုင်ရှင်များက မူလအပ်နှံသည့် (မြင်သာ)ကညနရုံးသို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုများ ရှိနေကြောင်း သိရသည်။

"ယာဉ်အိုယာဉ်ဟောင်း အပ်နှံတာကို သန်လျင်ကညနရုံးမှာ ပြောင်းလဲပြုလုပ်မယ်လို့ သတင်းထွက်ပေါ်နေတာက မဟုတ်ပါဘူး။ ကညနရုံးကိုလည်း ယာဉ်ပိုင်ရှင်များက ဒီသတင်းနှင့်ပတ်သက်ပြီး ဖုန်းနဲ့ ခဏခဏမေးမြန်းလာတာတွေရှိနေတယ်"ဟု (မြင်သာ)ကညနရုံးမှ ခရိုင်ဦးစီးမှူးဦးစန်းယုက ဖြေသည်။

ယင်းသတင်းနှင့် ပတ်သက်၍ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ စုံစမ်းမေးမြန်းရာ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုကို သန်လျင်ကညနရုံးသို့ ပြောင်းလဲ ပြုလုပ်ပေးမည်ဆိုသည့် သတင်းသည် ခေတ္တဆိုင်းငံ့ထားရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုမှာ ဇန်နဝါရီ ၂၂ ရက်အထိ ယာဉ်အစီးရေ ၆၄၆၈၂ စီး အပ်နှံပြီးစီးသွားပြီးဖြစ်ကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

## အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး ဦးအောင်သင်း(အောင်သင်း)အား ထပ်ဆင့်ဂုဏ်ပြု

**ရန်ကုန် ဇန်နဝါရီ ၂၅**

တစ်သက်တာစာပေဆုရ ၂၀၁၂ စာရေးဆရာကြီးအောင်သင်းအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နော (တောင်တွင်းကြီးမြို့နယ် အသင်းခွဲမှာရ)၌ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး အင်းစိန်မြို့နယ်စာရေးဆရာအသင်း ဒု-ဥက္ကဋ္ဌဦးဘုံကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်ထွင်းကြီး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ဖြစ်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးကျော်စိုး(မောင်ကျေးဇူး)က ဆရာဦးအောင်သင်း၏ ဘဝဖြတ်သန်းမှုစာပေရေးစီးကြောင်းနှင့် တိုင်းကျိုးပြည်ပြုကထောင်စွမ်း ထက်ဖြက်မှုများကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဆရာကြီးအား ဂုဏ်ဖြူလက်ဆောင်နှင့် ဂုဏ်ပြုအလှူငွေများပေးအပ်ကာ ဆရာကြီး ဦးအောင်သင်း(အောင်သင်း)က ကျေးဇူးတင်စကားနှင့် ဆုံးမဩဝါဒစကားများ ပြောကြားပြီး ဂုဏ်ပြုပွဲအခမ်းအနားသို့ အသင်းဝင်ပေါင်း ၂၀၀ ကျော်တက်ရောက်ပြီး အလှူရှင် ၈၉ ဦးက အလှူငွေ စုစုပေါင်း ကျပ် ၇၂၂၀၀၀ ကို ဆရာကြီးအား ဂုဏ်ပြုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

## ပီတိအပြုံးမိုဘိုင်းဖုန်း

**အေးသန်း(ကြေးမုံ)**

၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ် တန်ဖိုးနည်းမိုဘိုင်းဖုန်းသုံးသိန်းငါးသောင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ရောင်းချပေးခဲ့ရာ ယနေ့အထိ ပြည်သူများကို ရောင်းချပေးခဲ့သော မိုဘိုင်းဖုန်း ၃ ဒသမ ၂ သန်း အပါအဝင် စုစုပေါင်းမိုဘိုင်းဖုန်း ခုနစ်သန်းကျော် ရောင်းချပေးနိုင်သည်အတွက် တောရောမြို့ပါမကျန် ပြည်သူလူထုများ အဆင်ပြေချောမွေ့စွာ ဖုန်းပြောဆိုနေကြသည်ကို တွေ့နေရပေသည်။

မြန်မာ့ဆက်သွယ်ရေးထုပ်ငန်းသည်ပြည်သူကို ဗဟိုပြုနေသော ပြည်သူအတွက် ဆက်သွယ်ရေးကွန်ရက်ကြီးတစ်ခုဖြစ်သည်နှင့်အညီ လစဉ်ပုံမှန် ဖြည်သူတွေအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတို့၏ စီစဉ်ပေးမှုဖြင့် မြို့ရွာအနှံ့ ခွဲဝေရောင်းချပေးနေခြင်းကြောင့်လည်း ဖြန်မာ့ဆက်သွယ်ရေးထုပ်ငန်း မိုဘိုင်းဖုန်းများ ထုတ်ပေးရာ ဌာနများမှ ဝန်ထမ်းများအနေဖြင့် ရုံးပိတ်ရက်ပါ အနားမယူကြဘဲ သက်ဆိုင်ရာ မြို့နယ် ရပ်ကွက်၊ ကျေးရွာအလိုက် မိုဘိုင်းဖုန်း Sim Card များကို ထာရောက်ထုတ်ယူသူတွေ အဆင်ပြေအောင် ထုတ်ပေးနေသည့်အပြင် ထုတ်ယူပြီးသည့် မိုဘိုင်းဖုန်း Sim Card များမှ သက်တမ်းလွန်၍ ခေါ်ဆိုမရခြင်း၊ ပျက်စီးပျောက်ဆုံးခြင်းများအတွက်ပါ ဌာနများခွဲ၍ သွတ်ထံထာရောက်ကြသည့် ပြည်သူတွေအတွက် အပြုံးမပျက်ချိုသာစွာနှုတ်ဆက်လျက် ပြည်သူတွေကို ဝန်ဆောင်မှုကောင်းတွေ အဖြည့်ပေးနေကြသည်ကို စာရေးသူကိုယ်တိုင် ဌာနဝန်ထမ်းများအတွက် မိုဘိုင်းဖုန်း Sim Card များ သွားရောက်ထုတ်ယူစဉ်က တွေ့ဖြင်ခံစားခဲ့ရသော ပီတိအပြုံးများပင် ဖြစ်ပါသည်။

တစ်နေ့ နံနက်ခင်းအရုဏ်တက်ချိန်ပဲပြုတ်သည်နှင့် အတူ ရောက်ရှိလာတဲ့ ကြေးမုံသတင်းစာနောက်ကျောဖုံးတွင်ပါလာသည် "မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိဘိုင်းဖုန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဆက်ထက်ဖြန့်ဖြူးရောင်းချမည့် အစီအစဉ်" သတင်းတစ်ခုကိုဖတ်လိုက်ရသည့်အတွက် စာရေးသူအနေဖြင့် ဝမ်းသာကြည်နူးမှုတွေဖြစ်ခဲ့ရပေသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးရှိပြည်သူထွေအတွက် ဖြန့်ဖြူးရောင်းချပေးခဲ့သည် မိုဘိုင်းဖုန်းအရေအတွက် ခုနစ်သန်းကျော်ရှိခဲ့သော်လည်း မိမိတိုနိုင်ငံရှိအိမ်ထောင်စုပေါင်း ၈ ဒသမ ၇ သန်းကျော်နှင့်အချိုးကျတွက်ကြည့်မည်ဆိုပါက အိမ်ထောင်စု ၁၂၄ စုအတွက် မိုဘိုင်းဖုန်းတစ်လုံးနှုန်းရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စတိုင်း မိုဘိုင်းဖုန်းသုံးစွဲရန်လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိရသဖြင့် မိုဘိုင်းဖုန်းများဆက်ထက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ရောင်းချရာတွင်လည်း "နိုင်ငံ့တာဝန်ကိုထမ်းဆောင်ခဲ့ကြသည့် သက်ဖြည်ပင်စင်ခံစားနေသော အငြိမ်းစားများအတွက်ပါ တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေသည်ဟူသော သတင်းကောင်းများကိုပါ တွေ့မြင်ဖတိရှုလိုက်ရသည့်အတွက် ပင်စင်စားဝန်ထမ်းဟောင်းများအတွက်ပါ ဝမ်းသာပီတိတွေဖြစ်ခဲ့ရပေသည်။

ဩော်. . . နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ဖြန်မာ့ဆက်သွယ်ရေးထုပ်ငန်းက ထက်ရှိဝန်ထမ်းတွေသာမက သက်ပြည်သည်တိုင် နိုင်ငံ့အကျိုးကိုတာဝန်ကျေအောင်ဆောင်ရွက်ခဲ့ကြသည့် ပင်စင်စားဝန်ထမ်းတွေအတွက်ပါ ဦးစားပေးစဉ်းစားလာကြသည့်အတွက် အားရကျေနပ်မိပါသည်။ စာရေးသူလိုပင် ပင်စင်စားဝန်ထမ်းများကလည်း ဝမ်းသာပိတိဖြစ်နေကြီပြီး နိုင်ငံတော်အကြီးအကဲများနှင့် ဖြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအပေါ် ကျေးဇူးတင်နေမ်မှာအမှန်ပင်ဖြစ်တော့သည်။

ဤသို့ဖြင့် ဖြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ဦးစားပေးရောင်းချပေးတော့မည် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ အမှန်တကယ်လက်ဝယ်သို့ ရောက်ရှိလာမည်ရက်ကို ပင်စင်စားများက "ပိတိအပြုံးများ"ဖြင့် ဝမ်းပန်းတသာကြိုဆိုလျက်ရှိပါကြောင်း ရေးသားလိုက်ရပါတော့သည်။ ॥

စာအုပ်စာပေ လူ့မိတ်ဆွေ

FORWARD YGN RENT A CAR
(ကျိုက်ထီးရိုးနေ့ ချင်းပြန်သီးသန့် ခရီးစဉ်)
အပတ်စဉ် ( စနေ ၊ တနင်္ဂနွေ )
နံနက်စာ၊ နေ့ လယ်စာ၊ ညစာ၊ တောင်တက်ကားခ၊ Service Guide၊
အဆင့်မြင့် Air-Con Bus၊ အဆင့်မြင့် Restaurant
'စင်းလုံးငှားသီးသန့် တောင်တက်ကား'
27000/-
01-391013 ဖုန်းနံပါတ်သည် Forward နှင့် မသက်ဆိုင်တော့ပါကြောင်းအသိပေးအပ်ပါသည်။
01-579831 , 095089800 , 0973172500 , 095087409

ရွှေအောင်ရတနာ 240835,09420211358
ကျိုက်ထီးရိုး 8000Ks ချောင်းသာ 12000Ks ရွှေစက်တော် 30000Ks
အလောင်းတော်ကဿပ+မုံရွာ 40000Ks ရွှေစက်တော်+ပုဂံ 50000Ks
ရွှေစက်တော်+အလောင်းတော်ကဿပ 50000Ks ထားဝယ်ရှင်ကိုးရှင် 70000Ks
အလောင်းတော်ကဿပ+မန္တလေးမြင်ဦးလွင် 50000Ks တောင်ကြီးအင်းလေး 50000Ks

မိတ်ဟောင်း မိတ်သစ်များကို မိတ်ခေါ်လျက်
ရွှေစီးကျက် Travels
နောက်ဆုံးပေါ် Air-con Express ကားဖြင့်လိုက်ပို့သည်
✧ရွှေစက်တော်ဖွင့်ပွဲ၊ မကွေး၊ မင်းဘူး Feb
စား+ငြိမ်း (27000) ၁/၂ 2/3
စား/တည်း/ငြိမ်း(37500)(5)ဦးထပ်+(1)ဦး:Free
ကျိုက်ထီးရိုး(8000) စား/တည်း -23000
09423722092,450015980,254032425

ရွှေမြကျော် ကျိုက်ထီးရိုး ချောင်းသာ - နေ့စဉ်
ရွှေစက်တော်(ဖွင့်ပွဲ)၊မကွေး-ပြည်(စား/ငြိမ်း ၃၅၀၀၀)
ရွှေစက်တော်၊ ပုဂံ-ညောင်ဦး-ပုပ္ပါး (စား/ငြိမ်း ၅၅၀၀၀)
ရွှေစက်တော်၊အလောင်းတော်ကဿပ၊မုံရွာဘုရားစုံ
အိမ်အရောက်လက်မှတ်ပို့(၂-၂-၂၀၁၄ထွက်မည်)
ဖုန်း-၀၉၅၁၉၄၆၀၈၊ ၀၉၇၃၁၇၇၇၂၇၊ ၀၉၂၅၀၁၃၇၀၆၆

တို့၊ ဒီနဲ့ GO ပြီ! တိုးဒီမြန်မာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
သံသရာ ခရီးသွား ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့ခင်ဗျာ...
တစ်ဘဝ အပါယ်ဘေးမှ ကင်းဝေးစေဖို့ ငွေပိုငွေလျှံများကို အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံ နိုင်ရန် (ဗုဒ္ဓဂယာ) သံဝေဇနီယလေးဌာန သို့ ပို့ဆောင်ပေးနေပါသည်။
၇ည - ၈ရက်ခရီးစဉ် (ဖွား၊ ပွင့်၊ ဟော၊ စံ၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ ပတ္တနား၊ ဝေသာလီ၊ သာဝတ္ထိ)
ဖေဖော်ဝါရီ - ၁၆၊ ၂၆၊ မတ် - ၂၊ ၂၃၊ ၃၀၊ ဧပြီ - ၀၃
ဆက်သွယ်ရန် - ဦးစိန်ဝေသွင် (ဖုန်း - ၀၉ ၄၅၀၀၁၇၈၁၀)
အမှတ်(၁၀၉)၊ ပထပ်၊ စဉ်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၇၃၂၁၇၄၅၇၊ ၀၉ - ၅၁၄၅၅၃၉၊ ၀၁ - ၂၅၀၇၃၄၊ ၃၇၀၁၂၇၊ ၃၇၀၅၀၃

## ဖိတ်ကြားအပ်ပါသည်

၁။ ကျွန်တော်များ Consultant International Co.,Ltd(CIC)နှင့် Navigat Energyသည် GE General Electric Company မှထုတ်လုပ်သော ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ကို ကျေးရွာများတွင် မီးလင်းရေးအတွက် အစ်အစဉ်အဖြစ်သီးသန့်ကန်စည်ပြပွဲပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဤပြပွဲတွင် မြန်မာနိုင်ငံကျေးလက်ဒေသများတွင် အလွယ်တကူရရှိနေသည် စွန့်ပစ်ဇီဝပစ္စည်းများ (လူနှင့်တိရိစ္ဆာန်အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းများ၊ စပါးခွံ၊ကြံခွံ၊ ကောက်ရိုး၊ ပြောင်းဖူးခံ)စသည်တို့ကို အသုံးပြု၍ တန်ဖိုးနည်း(Bio Gas)ဇီဝဓာတ်ငွေ့ထုတ်လုပ်ပြီး၊ ၎င်းဓာတ်ငွေ့ကို GE Companyမှ ထုတ်လုပ်သော ဓာတ်ငွေ့သုံးမီးစက် (Gas Engine)ထဲသို့ ထည့်သွင်းမောင်းနှင်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ ကျေးရွာများကို မီးလင်းစေရန် အစ်အစဉ်ဖြစ်ပါသည်။

ပြပွဲအစီအစဉ်မှာအောက်ပါအတိုင်း ဖြစ်ပါသည်။

နေရာ ။ ။Sedona Hotel၊ ရန်ကုန်မြို့။
နေ့ရက်။ ။၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ(၂၇၊ ၂၈)ရက်
အချိန် ။ ။နေ့စဉ်နံနက် ၉ နာရီမှ၊ ညနေ ၄း၃၀ နာရီထိ

စက်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံမလိုက်သည့် အဆင့်မြင့် စတီး ဘလိတ်စားသွားဆူးကြိုးများကို
စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - အမှတ်(၃၄/A)၊ ကမ္ဘာအေးစေတီလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီး)၊ ဗဟန်းမြို့နယ်။
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ - အမှတ်(၅၀၁)၊ ရာဇဌာနီလမ်းမကြီး၊ ပေါင်းလောင်း ၂ ပျဉ်းမနားမြို့၊ နေပြည်တော်။
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ - အမှတ်(၁၅၄/B)၊ ၇၃လမ်းမကြီး၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်။
Ph:02-73191, 09-5140655, 09-402571300

## ကန့်ကွက်နိုင်ပါသည်

"အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၁၀-လမ်း(မြောက်)၊ မြေကွက်အမှတ်(၆၃၀)၊ (၂၈' × ၇၀)အကျယ်ရှိ 2BN "အထက်ပါမြေနှင့်အိမ်ရာအား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသော ဦးသောင်းရိန် [၁၂/အစန(နိုင်) ၁၀၅၇၆၀]နှင့် ဒေါ်ဌေးဌေးရီ [၁၂/အစန (နိုင်)၁၀၅၇၆၂]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါမြေနှင့်နေအိမ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူများ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ဖြင့်(၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၆၃)
အမှတ်(၄၉၃)၊ အခန်း(၄၊ ၅၊ ၆)
နဂါးရုံဘုရားလမ်း၊မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၄၃၁၃၃၉၁၃

ဇလပ်ပွင့်(အိမ်ခြံဖြေ)
အမှတ်(၅၇)၊သာယာအေးလမ်း၊
(၃)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၅၀၁၈၀၇၆

# လူမှုရေးတာဝန်ယူမှုဆိုင်ရာ စီးပွားရေးအလေ့အထများ မြန်မာစီးပွားရေးအသိုင်းအဝိုင်းအတွင်း ပိုမိုဖြစ်ထွန်းလာရေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

လူမှုရေးတာဝန်ယူမှုဆိုင်ရာစီးပွားရေးအလေ့အထများ(CSR) မြန်မာစီးပွားရေး အသိုင်းအဝိုင်းအတွင်း ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးသွားနိုင်ရန် ရည်ရွယ်လျက် UN Global Compact နှင့် UMFCCI တို့ ပူးပေါင်းကာ လူမှုရေးတာဝန်ကျေသော စီးပွားရေးလုပ်ငန်းရှင်များ တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမ၌ ဇန်နဝါရီ ၂၂ ရက်က ကျင်းပခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ UNGC Foundation မှဥက္ကဋ္ဌ Sir Mark Moody-Stuart၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ဒေသတွင်းစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော ကုမ္ပဏီများအနေဖြင့် လူမှုရေးတာဝန်ကျေမှု အလေ့အကျင့်များ လက်ခံကျင့်သုံးမှုများကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ UN Global Compact တွင်ပါဝင်လာခဲ့ပြီး UNGC ၏ စည်းမျဉ်းဥပဒေ(၁၀)ချက်ကို လိုက်နာကျင့်သုံးပြီး အဓိကလိုက်နာရမည့်အချက်(၄)ချက် ပါဝင်ကြောင်းသိရသည်။ အဆိုပါ အချက်(၄)ချက်တွင် လူ့အခွင့်အရေးကာကွယ်ထိန်းသိမ်းခြင်း(Human Rights)၊ ဝန်ထမ်းရေးရာ အခွင့်အရေးများဆောင်ရွက်ပေးခြင်း (Labour Standard)၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများ(Environment) နှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေး(Anti-Corruption)တို့ကို စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသော ကုမ္ပဏီများအနေဖြင့် နှစ်အလိုက်လိုက်နာဆောင်ရွက်နေမှုများကို UN Global Compact သို့ ပွင့်လင်းမြင်သာမှုရှိစွာ အစီရင်ခံခြင်းဖြစ်သည်။ သို့ဖြစ်၍ UNGC နှင့် တတိကဝတ်ပြုပြီး ကုမ္ပဏီများအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာနေမှုကို အချိန်နှင့်တစ်ပြေးညီပြည်သူတစ်ရပ်လုံးက လွယ်ကူစွာသိရှိနိုင်မည် ဖြစ်သည်။

"UNGC မှာ အဖွဲ့ဝင်အဖြစ်ခွင့်မပြုတဲ့ ကုမ္ပဏီတွေရှိပါတယ်။ မူးယစ်ဆေးဝါးဆက်နွယ်တဲ့ ဆေးလိပ်၊ အရက်ကုမ္ပဏီတွေနဲ့ လက်နက်ရောင်းဝယ်တဲ့ကုမ္ပဏီတွေကို ခွင့်မပြုပါဘူး။ မြန်မာနိုင်ငံတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုတဲ့ ကုမ္ပဏီတွေကိုလည်း UNGC အဖွဲ့ဝင် ဟုတ်၊ မဟုတ်နဲ့ CSR ဘယ်လောက်လုပ်ပေးနိုင်သလဲဆိုတာတွေနဲ့လည်း တိုင်းတာနေပြီဖြစ်ပါတယ်"ဟု စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။ Global Compact ၏အနှစ်သာရမှာ စီးပွားရေးလုပ်ငန်းများ၏ တာဝန်မကျေမှုများကို ပြစ်တင်ဝေဖန်ခြင်းထက် ပိုမိုကောင်းမွန်သော လူမှုရေးတာဝန်သိတတ်မှုများ လက်ခံကျင့်သုံးရေးကို ဦးတည်ထားကြောင်း သိရသည်။

လူမှုရေးတာဝန်ယူမှုဆိုင်ရာ စီးပွားရေးအလေ့အထများ(CSR)ကို ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအချင်းချင်း ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာအဆင့်များ၌ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေးအတွက် UNGC နှင့် ကတိကဝတ်ရှိပြီးဖြစ်သော စီးပွားရေးလုပ်ငန်းများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီမှုများလည်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

စားသုံးသူလူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ အကျိုးကိုရေးရှုကာ လူမှုရေးတာဝန်ယူမှုများ ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကသာ ရေရှည်အောင်မြင်သော လုပ်ငန်းများအဖြစ်၊ ဂုဏ်သိက္ခာရှိသော စီးပွားရေးလုပ်ငန်းများအဖြစ် ရပ်တည်သွားနိုင်မည်ဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်ဆက်စပ်သော လူ့အသိုင်းအဝိုင်းတစ်ခုလုံးအတွက် လိုအပ်သော လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းတိုင်းတွင် တာဝန်ရှိပြီး တာဝန်ကျေသော စီးပွားရေးလုပ်ငန်းများအဖြစ် အောင်မြင်စွာ ရပ်တည်သွားရန် UNGC က တိုက်တွန်းထားသည်။ မြန်မာနိုင်ငံတွင် UNGC အဖွဲ့ဝင်အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ကုမ္ပဏီ ၁၅ ခုဖြင့် စတင်ခဲ့ပြီး လက်ရှိတွင် အဖွဲ့ဝင်ကုမ္ပဏီ ၇၅ ခုနီးပါးအထိ ပါဝင်လာပြီး တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအဖြစ် UNGC ကအသိအမှတ်ပြုပြီးဖြစ်ကာ ယခုနှစ်တွင် ထပ်မံလျှောက်ထားသောကုမ္ပဏီ ၂၅ ခုရှိကြောင်း သိရသည်။ **(စံကား၀ါ)**

**မီးမှန်သမျှသုံးတတ်က မှုချမီးဘေး စဉ်ကင်းစေး**

**မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်**

## တရုတ်-မြန်မာ ဗုဒ္ဓသာသနာပြုအဖွဲ့ သက်ကြီးပူဇော်

**ရန်ကုန် ဇန်နဝါရီ ၂၅**

အမျိုးသမီးများဦးစီးတည်ထောင်သော တရုတ်-မြန်မာ ဗုဒ္ဓသာသနာပြုအဖွဲ့ (၃၅)နှစ်မြောက် သက်ကြီးပူဇော်ပွဲနှင့် အနုပညာရှင် မင်းသမီးကြီးများနှင့် အဆိုတော်ကြီးများ ပူဇော်ပွဲကို ရန်ကုန်မြို့ ကန်တော်ကြီးအပန်းဖြေဥယျာဉ် Western Park Royal ဟိုတယ်၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)က ဩဝါဒစကားချီးမြှင့်ပြီး အသင်းတည်ထောင်သူ နာယကဒေါ်ခင်မြင့်၊ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ခင်ရီတို့က အမှာစကားများပြောကြားကြပြီး တက်ရောက်လာသော ဧည့်ပရိသတ်များအား အဆိုတော် ဒေါ်ချိုပြုံး၊ ဒေါ်မြင့်မြင့်ခင်နှင့် ဒေါ်နွဲ့ယဉ်ဝင်းတို့က တေးသီချင်းများဖြင့် ဖျော်ဖြေပြီး **(အပေါ်ပုံ)** အမှုဆောင်အဖွဲ့ဝင်များက သက်ကြီးဘိုးဘွားများကို နှစ်ကူးလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-ငွေးခိုင်)**

## "ဒို့အားမာန်" နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၅**

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ဒို့အားမာန်" နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ ရေးဦးစွာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးနှင့် ခရိုင်ဦးစီးမှူး ဦးစိုးညွန့်ရွှေတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အသုံးပြုရန် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမှ ဦးမျိုးကျော်သူ မိသားစုက Fax စက်တစ်စုံကို ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်ရွှေအား ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက ပြခန်းပြပွဲများအား ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ပြသထားသော ပြခန်းတွင် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ မှတ်တမ်းဓာတ်ပုံများ၊ ပင်လုံစာချုပ်မိတ္တူ၊ ပင်လုံသမိုင်းဝင်မှတ်တမ်းပုံများ၊ အေးချမ်းသာယာ ပြည်မြန်မာ မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးပြဘုတ်များနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာအုပ်စာစောင်များကို ပြသထားပြီး အခမ်းအနားတွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့သည်။

အဆိုပါပြပွဲသို့ သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်း လေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့် လာရောက်ကြည့်ရှုလေ့လာကြသည်။ ပြပွဲကို ဇန်နဝါရီ ၂၈ ရက်အထိ ငါးရက် ပြသမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) AO Mono Chrome Copier - (15) Nos
(ခ) i7 Computer - (500) Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ ရက် ညနေ (၁၆း၃၀) နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံ အပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်း မရှိသော တင်ဒါပုံစံများကို ရွေးချယ်မပြုမည့်မဟုတ်ကြောင်း ကြိုတင် အသိပေးအပ်ပါသည်။

**ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) ပစ္စည်းဝယ်ရေးအဖွဲ့**
**ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၀၃၀၅၊ ၀၆၇-၄၀၀၄၀၉**



**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ စားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက် - ၄-၂-၂၀၁၄ ရက်၊ ၀၀း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါ ဖွင့်မည့်နေရာ - ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်၊

၄။ ပေးသွင်းသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀ိ/-) နှုန်းဖြင့် ၂၄-၁-၂၀၁၄ ရက်မှ ၃-၂-၂၀၁၄ ရက်ထိ၊ ၈း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူးရုံးတွင် ပယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက် များ သိရှိလိုပါက ရိက္ခာဆန်စယ်ယူရေးအဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၈၁-၂၀၂၁၀၄၊ အကျဉ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ရုံးဖုန်း-၀၈၁-၂၀၈၅၄၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်စယ်ယူရေးအဖွဲ့၊အကျဉ်းဦးစီးဌာန



**စက်မှုဝန်ကြီးဌာန**
**ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း**
**မြေအဆောက်အအုံနှင့် အရောင်းဆိုင်များ**
**ငှားရမ်းရန်**
**အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အောက်ဖော်ပြပါ မြေ၊ အဆောက်အအုံနှင့် ဆိုင်ခန်းများအား ဝဂ္ဂလိကသို့ ငှားရမ်းရေး ဆောင်ရွက်သွားပါမည်-

(က) အမှတ်(၄၈)၊ သမာဓိလမ်း၊ တာမွေလေးရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့ရှိ ယခင်ဘဲနစ်ကောင် ပြုစွပ်စက်ရုံ၏မြေကွက်(၁. ၄၇) ဧကပေါ်ရှိ
(၁) သိုလှောင်ရုံ(၁၄၄၀×၀ ၉၀) ၁လုံး
(၂) ၁န်ထမ်းအိမ်ရာ(၃)ခန်းတွဲ ၂လုံး
(၃) လုံးချင်း၁န်ထမ်းအိမ်ရာ ၁လုံး
(၄) ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ ၁လုံး
(၅) ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ ၁လုံး

(ခ) အမှတ်(၁၀)၊အတ်ကျင်းဘုတာရုံလမ်း၊၁၆ ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်လှိုင်ဘီစကွတ်စက်ရုံခွဲ(၃)၏ မြေကွက် (၀. ၉၂၅) ဧကပေါ်ရှိ
(၁) ၂ထင်ဂိုဒေါင်ပျက်(၁၆စ၀၀×ပေ၄၀) ၁လုံး
(၂) ဆပ်ပြာစိဒေါင်(၀ေ ၂၀၀×၀ေ၄၀) ၁လုံး
(၃) ၁န်ထမ်းအိမ်ရာ(၂)ခန်းတွဲ ၂လုံး

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်/နေရာ-၂၉-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ရုံး(၃၇)၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန်-၀၄-၂-၂၀၁၄ရက်(၁၀း၀၀)နာရီ(သောကြာနေ့)
(ဂ) တင်ဒါဖွင့်မည့်နေ့ရက်/အချိန်-၁၈-၂-၂၀၁၄ရက်(၁၀း၁၀)နာရီ(အင်္ဂါနေ့)
(ဃ) တင်ဒါတင်သွင်းမည့်နေရာ-စက်မှုဝန်ကြီးဌာန၊ရုံးအမှတ်(၃၇)၊ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း ၀၆၇-၄၀၈၀၄၂၊ ၄၁၈၀၆၇၊ ၄၀၈၃၉၂



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄)မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရွှေဘို-မြစ်ကြီးနားလမ်း(မိုင် ၂၁၂/၀-၂၃၂/၀)အတွင်း လမ်းလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့်လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက် စံချိန်စံညွှန်းအသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄) မြစ်ကြီးနားမြို့ ဖုန်း ၀၇၄-၂၉၃၆၂တွင် ၂၆-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်မည့်အချိန် - ၅-၂-၂၀၁၄ ရက်၊ ၀၆း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ရောရပ်ကွက်၊မြစ်ကြီးနားမြို့။
တင်ဒါဖွင့်မည့်အချိန် - ၆-၂-၂၀၁၄ရက်၊ ၁၃း၀၀နာရီ။

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့



**အမြန်ဆက်သွယ်ပါရန်**

2003 Year Model TOYOTA ALPHARD ယာဉ်အမှတ်(၄ဃ/၅၂၄၆) (ပုလဲဖြူရောင်) မော်တော်ယာဉ်မှာ တရားမဝင်ဝေါင်နဲ့ ရောင်းဝယ်ထားကြောင်း သိရသဖြင့် ယာဉ်လက်ဝယ်ရှိသူများအနေဖြင့် ကျွန်တော်အား အမြန်ဆုံးဆက်သွယ်ဝါရန် လာရောက်ဆက်သွယ်ခြင်း မရှိပါက တရားဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဦးမောင်မောင်ကျော်

**[၉/အမရ (နိုင်)၀၈၈၂၇၀]**
**ဖုန်း-၀၉-၅၀၂၀၇၄၂**

## အားကစားနှင့် အနုပညာ

# ကျောက်မျက်ရတနာဒီဇိုင်းပန်းတီးရှင်အဖြစ် မြင်တွေ့ရမည့် ဟန်ဂျီအေး

တောင်ကိုရီးယား ရုပ်ရှင်ကြယ်ပွင့်ဟန်ဂျီအေးက ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်မည့် Full Sun ဇာတ်ကားတွင် မင်းသား ယွန်ကေဆန်းနှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီဇာတ်တားမှာ ဟန်ဂျီအေးက ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ပါမယ်။ သူကို ကျောက်မျက်ရတနာဒီဇိုင်းဖန်တီးရှင် ဟန်ရောင်းဝန်အဖြစ် တွေ့ရမှာဖြစ်ပါတယ်"ဟု ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ Full Sun ဇာတ်ကားသည် ထိုင်းနိုင်ငံ၌ဖြစ်ပွားခဲ့သည့် စိန်ထည်များကြောင့် ဖြစ်ပွားခဲ့ရသည့် လူသတ်မှုတစ်ခုတွင် ဖခင်ပျောက်ဆုံးခဲ့ရသည့် ကောင်လေးအဖြစ် ယွန်ကေဆန်းက ပါဝင်ထားပြီး ၎င်းနည်းတူ အဆိုပါလူသတ်မှုတွင် စေ့စပ်ထားသူပါဝင်နေခဲ့သည့် ဟန်ရောင်းဝန်တို့အကြောင်း ပုံဖော်ထားသည့် အချစ်ဒရာမာ ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို ကေဘီအက်စ်ရုပ်သံလိုင်းမှ ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# Skyfall ၏နောက်ဆက်တွဲဇာတ်ကားများအဖြစ် မြင်တွေ့ရမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်

ဂျိမ်းစ်ဘွန်း ဇာတ်ကားများ၏ ဇာတ်ညွှန်းရေးဆရာ ဂျွန်လိုဂန်က နောက်ထပ်ထွက်ရှိလာမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသည် ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် Skyfall ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားများဖြစ်လာမည်ဖြစ်ကြောင်းနှင့် ၂၄ နှင့် ၂၅ ကားမြောက် ဂျိမ်းစ်ဘွန်းဇာတ်ကားများတွင် မင်းသား ဒယ်နီယယ်ခရေ့ဂ်ျက အတူးလျှို့ဝှတ်စုံထောက် ဂျိမ်းစ်ဘွန်းအဖြစ် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဂျိမ်းစ်ဘွန်း၏ နောက်ဆက်တွဲဇာတ်ကားများတွင် Skyfall ၏ဒါရိုက်တာ ဆမ်မန်ဒက်စ်က ရိုက်ကူးသွားမည်ဖြစ်ပြီး သရုပ်ဆောင် နာအိုမီဟာရီးစ်လည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ၂၄ ကားမြောက် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဘွန်း၏ ၂၃ ကားမြောက်ဇာတ်ကားဖြစ်သည့် Skyfall ဇာတ်ကားသည် ၂၀၁၂ ခုနှစ်အတွင်းက ယူကေတွင် စတင်ထွက်ရှိချိန်ကတည်းက ဝင်ငွေအမြင့်ဆုံးဇာတ်ကားတစ်ကားဖြစ်ခဲ့ပြီး အော်စကာဆုပေးပွဲတွင် Best Original Song ဆုကိုတေးသံရှင် အဒဲလ်က ယင်းဇာတ်ကားဖြင့် ရရှိခဲ့သည်။

**မျိုးစန္ဒာမောင်**
**ရေးသားသည်**

## ဝန်ထမ်းအလိုရှိသည်

### သီတာ ရွှေဆိုင်

| | |
|---|---|
| ၁ - ကွန်ပျူတာ | ( ၁၀ ) ဦး |
| ၂ - ငွေကိုင် | ( ၁၀ ) ဦး |
| ၃ - အရောင်းစာရေး | ( ၁၀ ) ဦး |
| ၄ - စာရင်းစစ် | ( ၁၀ ) ဦး |
| ၅ - ယာဉ်မောင်း | ( ၁၀ ) ဦး |
| ၆ - နန်းကြိတ်သမား | ( ၃ ) ဦး |
| ၇ - ကျောက်တပ်သမား | ( ၁၀ ) ဦး |
| ၈ - မိုချောသမား | ( ၅ ) ဦး |
| ၉ - ပန်းထိမ်ဆရာ | ( ၅၀ ) ဦး |
| ၁၀- ဖယောင်းထုတ်/ဖယောင်းရှင်း (ကျောက်၊ အသားထည်စုံ၊ စိန်ထည်၊ ကြိုး၊ လက်ကောက်) | ( ၅ ) ဦး |
| ၁၁ - အထည်လက်ရာစစ် | ( ၁၀ ) ဦး |
| ၁၂ - လုံခြုံရေးအသက် ၃၀ မှ ၅၀ | ( ၁၀ ) ဦး |

-လုပ်ငန်းအတွေ့အကြုံရှိသူကို လစာကောင်းကောင်းပေးမည်။
- စနေ၊ တနင်္ဂနွေ မွန်းလွဲ ၂း၀၀ နာရီ မှ ၄း၀၀ နာရီ ထိ အင်တာဗျူးရှိသည်။
- လိုအပ်သောစာရွက်စာတမ်းများယူလာရန်

လိပ်စာ ။ ။ အမှတ်(ဒီ-၂၃/၂၄) ၊မေခလမ်းသွယ်၂လမ်း ၊ မေခအိမ်ရာ ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၀ ၃၁ ၈၃၁ ၊ ၀၉-၄၂၅၀ ၁၇ ၄၇၂

# တံခွန်စိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် အား/ကာသိပ္ပံ (ရန်ကုန်)နှင့် Horizon International School တို့ ပူးပေါင်း၍ (၆)ကြိမ်မြောက် Horizon Open Table Tennis Championship 2014 (Horizon တံခွန်စိုက်ဖလားစားပွဲတင် တင်းနစ်ပြိုင်ပွဲ)ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၂၃၅) ရှုခင်းသာမြို့ပတ်လမ်းရှိ (သန်လျင်တံတားအနီး) Horizon International School (Shukhinthar Campus) ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် လက်ရွေးစင်အဆင့်ရှိသော အောင်ထွန်း၊ အေးခိုင်၊ ဆုသူရသိန်း၊ မြင့်လှိုင်၊ ကျော်မြင့်ခိုင်၊ မျိုးမင်းထွန်း၊ ကြည်မင်းတို့သည် (1st Class)အဆင့်၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသမီးပြိုင်ပွဲတွင်အေးမြတ်သူ၊ နီလာဝင်း၊ သန့်သန့်အောင်၊ ခင်ကောင်းစံ၊ မာမာစိုး၊ စုစုခင်၊ မေဝင်းမောင်၊ စန္ဒာမိုးနှင့် စိုးမြမြအေးတို့ကလည်း (Open Age)အဆင့်၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

ထို့အပြင် အသက် (၁၀) နှစ်၊ (၁၂) နှစ်၊ (၁၅)နှစ် မျိုးဆက်သစ်လူငယ်များ၊ အပျော်တမ်းအဆင့်၊ ပထမ တန်း၊ ဒုတိယတန်း၊ သက်ကြီးတန်း (၄၅)နှစ်အထက်အဆင့်နှင့် အလွတ်တန်းအဆင့်များတွင် စားပွဲတင်တင်းနစ် အားကစားသမား ၂၆၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပထမနေ့ပြိုင်ပွဲတွင် သတ်မှတ်ထားသော ပွဲစဉ်ပေါင်း ၂၁၀ ကျင်းပပြီးစီးသည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် ယင်း Shukhinthar Campus ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

# မိုက်ကယ်အက်စီယန်အား အေစီမီလန်သို့ရောင်းချရန် ချယ်လ်ဆီးသဘောတူ

ချယ်လ်ဆီးအသင်းသည် အသင်း၏အားထားရသော ကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယံအား အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသို့ရောင်းချရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဂါနာကြယ်ပွင့် မိုက်ကယ်အက်စီယန်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် အငှားသွားရောက်နေရာမှ ချယ်လ်ဆီးအသင်းသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ကိုးပွဲအထိ ပါဝင်ကစားပေးထားပြီးဖြစ်သည်။

လက်ရှိတွင်မူ ကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန်သည် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းတွင်ကစားရန် ဆွေးနွေးမှုများနှင့် ကျန်းမာရေးဆေးစစ်မှုများ လုပ်ဆောင်လျက်ရှိပြီး အေစီမီလန် အတွက် အကောင်းဆုံးကစားသွားမည်ဖြစ်ကြောင်းလည်း မိုက်ကယ်အက်စီယန်က ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား မိုက်ကယ်အက်စီယန်သည် လိုင်ယွန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာချိန်တွင် ပြောင်းရွှေ့ကြေးပေါင် ၂၄ ဒသမ ၄ သန်းဖြင့် ချယ်လ်ဆီးအသင်းအတွက် စံချိန်တင်ခေါ်ယူမှုဖြစ်ခဲ့ရပြီး ချန်ပီယံလိဂ်ဖလားကိုလည်း ချယ်လ်ဆီးအသင်းအတွက် ရယူပေးနိုင်ခဲ့သူဖြစ်သည်။

---

# မန်ယူအသင်းပရီမီယာလိဂ်ဖလားရမည့်အခွင့်အရေးရှိကြောင်း မန်ယူအသင်းနည်းပြဟောင်းဖာဂူဆန်ပြောကြား

**ငွေကြယ်**

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်ယူအသင်းသည် ယခုနှစ်တွင်လည်း ပရီမီယာလိဂ်ဖလားရရှိမည့် အခွင့်အရေးတစ်ရပ် ရှိနေသေးသည်ဟု ယုံကြည်ထားကြောင်း မန်ယူအသင်းနည်းပြဟောင်း ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်ပွဲစဉ် ၁၆ ပွဲကစားရန် ကျန်ရှိနေသည့်အချိန်တွင် ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အာဆင်နယ်အသင်းနှင့် ၁၄ မှတ်ကွာတကာ အမှတ်ပေးဇယား၏ အဆင့် (၇) နေရာတွင် ရပ်တည်လျက်ရှိသည်။

သို့ရာတွင် မန်ယူအသင်းနည်းပြ ဖာဂူဆန်အနေဖြင့် ယင်းသို့အာဆင်နယ်အသင်းနှင့် အမှတ်ကွာနေသော်လည်း လက်ကျန်ပွဲစဉ်များကို အကောင်းဆုံးကစားကာ ဖလားရရှိရေး မျှော်လင့်ချက်ရှိနေသေးကြောင်းနှင့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသော အသင်းခြောက်သင်းဖြစ်သည့် အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါး၊ အဲဗာတန်နှင့် လီဗာပူးအသင်းတို့ကိုလည်း ချီးကျူးစကားပြောကြားခဲ့သည်။

## ရောင်းမည်

Probox 1.5(F)
CC/8ထောင်ကျော် (Ygn)
ဖုန်း- ၀၉-၇၃၁၅၃၂၀၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မောင်ဦး (CDC 20204)၏ GOC ENDORSEMENT CERTIFICATE No.RE-0424/02နှင့် GOC UPDATING CERTIFICATE No.GOC/UPD/2096 လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မောင်မောင်ဦး**
**ဖုန်း-၀၉-၄၂၁၁၂၇၇၇၊ ၀၁-၅၆၂၆၆၁**

## ထပ်မံဖြည့်စွက်ခြင်း

၂၃-၁-၂၀၁၄ရက်စွဲပါ ကန့်ကွက်နိုင်ပါသည်ကြော်ငြာမှ [၁၁/သတန(နိုင်)၀၀၀၄၉၉]ကိုင်ဆောင်သူ ဒေါ်မြင့်မြင့်အေး ပိုင်ဆိုင်ပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းမှာ အမှတ်-၆၉ A-1, အခန်း (၆၅)၊ ရန်ကုန်အင်းစိန်လမ်းမ၊ စိန်နဂါးတိုက်၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ် ဖြစ်ပါသည်။

**ဒေါ်ဖြူဖြူထွန်း**
**[၇/ထတပ(နိုင်)၀၄၆၇၄၃]**
**ဖုန်း-၀၉-၅၀၉၉၂၉၂၊ ၀၉-၅၄၀၉၃၀၀**

**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)**
**၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး** ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကို ဆိုသည်။"

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိသော "လွှတ်တော်ရုံး" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုလွှတ်တော်ရုံး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) ၏ နောက်တွင် အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ (ဇ) နှင့် (ဈ) အဖြစ် ဖြည့်စွက်ရမည် -

"(ဇ) **ပူးပေါင်းကော်မတီ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သည့် ကော်မတီကို ဆိုသည်။

(ဈ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ပုဒ်မ ၇-က နှင့် ၇-ခ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။"

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် **"လွှတ်တော်အဖွဲ့အစည်းများ"** ဆိုသည့် ခေါင်းစီးစကားရပ်နှင့် အောက်ပါပုဒ်မများကို ပုဒ်မ ၇-က၊ ပုဒ်မ ၇-ခ၊ ပုဒ်မ ၇-ဂ၊ ပုဒ်မ ၇-ဃ နှင့် ပုဒ်မ ၇-င တို့အဖြစ် ဖြည့်စွက်ရမည် -

**"လွှတ်တော်အဖွဲ့အစည်းများ**

၇-က။ နာယကသည် လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများကို ပူးပေါင်းလျက် အောက်ပါလွှတ်တော် ကော်မတီများကို ဖွဲ့စည်းရမည်-

(က) ဥပဒေကြမ်းပူးပေါင်းကော်မတီ၊

( ခ ) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

၇-ခ။ နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ဦးရေတူညီစွာ ပါဝင်သည့် လိုအပ်သော အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းရာ၌ ယင်းတို့၏ အမည်၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၇-ဂ။ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ၌ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်။

၇-ဃ။ လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး သက်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို တာဝန်ခံ ဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အချက်အလက်များကို တင်ပြစေခြင်း ပြုနိုင်သည်။

၇-င။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် နာယကကို တာဝန်ခံရမည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ(ဃ) ၏ နောက်တွင် အောက်ပါ ပုဒ်မခွဲများကို ပုဒ်မခွဲ(င)၊ (စ) နှင့် (ဆ) တို့အဖြစ် ဖြည့်စွက်ရမည် -

"(င) နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊"

( ခ ) ပုဒ်မ ၈၊ မူလ ပုဒ်မခွဲ(င) ကို ပုဒ်မခွဲ(ဇ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ(ခ) ၌ပါရှိသော "မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း ဆိုသည့် စကားရပ်ကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (ဃ) အဖြစ် ဖြည့်စွက်ရမည်-

"(ဃ) လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် နာယက၏ သဘောတူညီချက်ဖြင့် ပြည်သူများကို ဖိတ်ကြားခြင်း။"

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ၏ နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (စ) အဖြစ် ဖြည့်စွက်ရမည် -

"(စ) လွှတ်တော် အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။"

၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ) ကို ပယ်ဖျက်ရမည်။

၁၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"ပုံမှန်အစည်းအဝေးများ**

၁၂။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့ရက်မှ ၁၅ရက် အတွင်းကျင်းပရမည်။ အမျိုးသားလွှတ်တော်သည်လည်း အဆိုပါ ကာလအတွင်း စတင်ကျင်းပပြီး ဖြစ်ရမည်။

( ခ ) လွှတ်တော်အစည်းအဝေးများကို နာယကက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို နာယကက စီစဉ်ဆောင်ရွက်ရမည်။"

၁၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

( ခ ) ပုဒ်မခွဲ(က) အရ တာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့သည် လွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုလွှာ ထုတ်ပေးထားခြင်း ရှိမရှိကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်းရှိမရှိကိုလည်းကောင်း စိစစ်အတည်ပြုရမည်။

( ဂ ) နာယကသည် သက်ဆိုင်ရာ လွှတ်တော်များ၏ ပထမပုံမှန် အစည်းအဝေးများတွင် လွှတ်တော် အခွင့်အရေးကော်မတီများ ဖွဲ့စည်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီကို ယင်းလွှတ်တော် အခွင့်အရေးကော်မတီနှစ်ရပ်မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ် စိစစ်အတည်ပြုရေးလုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) ပုဒ်မခွဲ(က) အရဖွဲ့စည်းသော လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့သည် ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းပြီးသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီသို့ မိမိ၏ လုပ်ငန်းတာဝန်များကို လွှဲအပ်ရမည်။ "

၁၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၂။(ဃ) နာယကသည် လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ် ရယူရာ၌ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့်သော် လည်းကောင်း၊ ဆန္ဒမဲ လက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒမဲပေးသည့် နည်းလမ်းဖြင့် သော်လည်းကောင်း၊ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် သော်လည်းကောင်း၊ သင့်လျော်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့် သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။"

၁၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နှင့် ၂၉ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေး ပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားနိုင်ငံရေးပါတီတစ်ခုခုကို ထိခိုက် ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တသို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းစသည် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

**ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တင်ပြခွင့်**

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -

(က) နာယက၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

( ခ ) လွှတ်တော်က ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊ အခြား ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ယင်းကော်မတီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

( ဂ ) လွှတ်တော်ကော်မတီများက မိမိ အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလ သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ထိုသို့ ပြီးစီးခြင်း မရှိသည့် အကြောင်းရင်းကို ပြန်ကြားခွင့်ရှိသည်။

(ဃ) ကော်မတီများက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သော ကိစ္စအတွက် ဆွေးနွေးတင်ပြရန် ဖိတ်ကြားပါက လာရောက် ရှင်းလင်းဖြေကြားခွင့်ရှိသည်။

၂၇။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် လွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၈။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်က ဖွဲ့စည်းသည့် အခြား ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် အခြား ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ် ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော် လည်းတောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ အကျင့်စာရိတ္တသို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည် ဆွေးနွေးပြောဆိုခြင်းမှအပ လွှတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ထိုသို့လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့ အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၂၉။ ပုဒ်မ ၂၅ နှင့် ၂၈ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည်လွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။"

၁၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ကိုပယ်ဖျက်ရမည်။

၁၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၄၃-က အဖြစ် ဖြည့်စွက်ရမည် -

"၄၃-က။ လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာ စိစစ်ရန်လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်း ကော်မတီအား လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ လွှတ်တော် အစည်းအဝေးသို့တင်ပြဆောင်ရွက်စေခြင်း တို့ကို ပြုနိုင်သည်။"

၁၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)၏ နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည် -

"(ဂ) လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကိုလည်းကောင်း၊ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကို လည်းကောင်း နာယကသည် နိုင်ငံတော် သမ္မတထံပေးပို့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၁၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

( ခ ) လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သော ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုံးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

( ဂ ) ပြည်ထောင်စုလွှတ်တော်ရုံးသည် လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေး ကော်မရှင်နှင့် လွှတ်တော်သို့ တင်ပြရမည်။"

၁၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၃ ၏ နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မ ၈၃-က အဖြစ် ဖြည့်စွက်ရမည် -

"၈၃-က။ နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက်ခွဲဝေသတ်မှတ်သည့် နယ်မြေ ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ သုံးစွဲခွင့်ရှိသည်။"

၁၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၄ ၏ နောက်တွင် အောက်ပါ ပုဒ်မများကို ပုဒ်မ ၈၄-က၊ ၈၄-ခ နှင့် ၈၄-ဂ အဖြစ် ဖြည့်စွက်ရမည် -

"၈၄-က။ လွှတ်တော်၏ ဆောင်ရွက်ချက်နှင့်မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ် အရဖြစ်စေ၊ လွှတ်တော်၏ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၈၄-ခ။ နာယကသည် လွှတ်တော်ရေးရာကိစ္စများကို ပိုမိုထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၈၄-ဂ။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၊ ပြည်တွင်းပြည်ပလွှတ်တော် ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။ "

၂၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၂၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင် -

(က) ဇယား ၁၊ အပိုဒ် ၇ ၏ နောက်တွင် အောက်ပါအပိုဒ်များကို အပိုဒ် ၈၊ ၉၊ ၁၀၊ ၁၁ အဖြစ် ဖြည့်စွက်ရမည် -

"၈။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်များဆိုင်ရာ ကိစ္စ၊

၉။ အခွန်အကောက်များနှင့် သက်ဆိုင်သည့် ကိစ္စ၊

၁၀။ သဘာဝစွမ်းအင်များ၊ သယံဇာတပစ္စည်းများ ထုတ်ဖော်မှုနှင့် သက်ဆိုင်သည့်ကိစ္စ၊

၁၁။ လျှပ်စစ်ဓာတ်အား စီမံကိန်းကြီးများကိစ္စ။"

( ခ ) ဇယား ၂၊ အပိုဒ် ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များနှင့် စပ်လျဉ်းသည့် ကိစ္စ။"

( ဂ ) ဇယား ၂၊ အပိုဒ် ၁၃ နှင့်၊ ၂၇ တို့ကို ပယ်ဖျက်ရမည်။

ရှုခင်း

# မော်လမြိုင်မှ ခိုးခံရသည့် မော်တော်ဆိုင်ကယ်မျိုးစုံ ၂၁ စီး ပြန်လည်သိမ်းဆည်းရမိ

မော်လမြိုင် ဇန်နဝါရီ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့တွင် လူစည်ကားသည့်နေရာများ၊ စားသောက်ဆိုင်ရှေ့၊ လက်ဖက်ရည်ဆိုင်၊ ဆေးရုံ၊ ဆေးခန်းတို့တွင် ရပ်နားထားသည့် မော်တော်ဆိုင်ကယ်များကို အဆက်မပြတ် ခိုးယူတိမ်းရှောင်လျက်ရှိနေခြင်းကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်း၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းတင့်၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှတို့၏ အနီးကပ်ကြီးကြပ်စီစဉ်ပေးမှုဖြင့် အခိုးခံရသည့် မော်တော်ဆိုင်ကယ်များ အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်အေးမင်းငြိမ်း၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ကျော်မင်းထွန်း၊ တပ်ကြပ်ကြီးမောင်ကြည်၊ တပ်ကြပ်ကြီးလှမိုး၊ တပ်ကြပ်မျိုးမြင့်၊ ဒုတပ်ကြပ်ကျော်သက်နိုင်တို့ ဦးဆောင်သောအဖွဲ့၊ မြိုင်သာယာရပ်ကွက်ရှိ ရပ်မိရပ်ဖများနှင့် ဆိုင်ကယ်သိမ်းဆည်းရာတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင်ကျေးရွာတွင် အခြေပြုသော နယ်ခြားစောင့်တပ်ရင်းမှ တာဝန်ရှိသူများ၏ အကူအညီဖြင့် ဇန်နဝါရီ ၂၄ ရက်က ခိုးယူရောင်းချတိမ်းရှောင်ခဲ့သော မော်တော်ဆိုင်ကယ်ခိုးသူ ဂိုဏ်းဝင်နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးခဲ့သည်။**(အောက်ပုံ)**

မော်တော်ဆိုင်ကယ်များ ခိုးယူတိမ်းရှောင်သွားခဲ့သူတို့မှာ မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက်နေ ဂနီ(ခ) မြိမ်းချမ်း (၂၃) နှစ်နှင့် အေးထွန်း(ခ) ခွေး(၂၁) နှစ်တို့ဖြစ်ပြီး ၎င်းတို့အား ဖမ်းဆီးစစ်ဆေးရာမှ ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ဒုတိယအပတ်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ် လူစည်ကားရာနေရာများထွင် ရပ်နားထားသည့် မော်တော်ဆိုင်ကယ်များကို သော့အတုများဖြင့် အကြိမ်ကြိမ် ခိုးယူတိမ်းရှောင်လျက်ရှိရာမှ မော်လမြိုင်မြို့ မြိုင်သာယာနယ်မြေရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ကျော်မင်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ခိုးယူသွားခဲ့သော မော်တော်ဆိုင်ကယ် အစီးပေါင်း ၂၁ စီး ကာလတန်ဖိုး ၂၀၇ သိန်းခန့်ကို ပြန်လည်ဖမ်းဆီးသိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ မော်တော်ဆိုင်ကယ်ခိုးသူနှစ်ဦးအား မွန်ပြည်နယ်အတွင်းရှိ နယ်မြေရဲစခန်းများမှ ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# လမ်းဖြတ်ကူးသည့်အဘွား ဆိုင်ကယ်တိုက်မိ၍ သေဆုံး

ပေါင် ဇန်နဝါရီ ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်းမ မိုင်တိုင်အမှတ် (၁၇၃) အနီး၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် သထုံမှ မော်လမြိုင်ဘက်သို့ ထက်ဇော်(၁၉) နှစ် လမုတန်းရပ် မော်လမြိုင်မြို့နေသူ မောင်းနှင်လာသော နံပါတ်မပါ Wave R 125 ပြာ/မည်းရောင် ဆိုင်ကယ်တွင် အနောက်မှ လိုက်ပါစီးနင်းသူ ဦးမောင်စက် (၆၅) နှစ်နှင့် သိန်းဇော်ဦး (၂၂) နှစ်တို့အား တင်ဆောင်မောင်းနှင်လာစဉ် လမ်းဖြတ်ကူးသူ ဒေါ်ဝင်းစိန် (၆၈)နှစ် ကဒါရပ်ကွက် ဝါးကျောင်းလမ်း ပေါင်မြို့နေသူအား ဝင်ရောက်တိုက်မိ၍ ဒေါ်ဝင်းစိန်တွင် ယာဘက်ခြေသလုံး ဖူးရောင်ညိုမည်း၊ ဦးခေါင်းတွင် ဒဏ်ရာများရရှိ၍ ဆေးရုံသို့တင်ပို့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ထက်ဇော်အား အရေးယူပေးပါရန် ဒုရဲအုပ်အောင်ဌေးက တိုင်ကြားသဖြင့် ပေါင်မြို့ရဲစခန်းက ပြစ်မှုပုဒ်မ ၃၀၄(က)/၃၃၈ ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မိချို(iprd)

# ဘိန်းဆီခဲ၊ ဘိန်းဆီအရည်၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုပစ္စည်းများ ဖမ်းဆီးရမိ

မန္တလေး ဇန်နဝါရီ ၂၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် (၂၇×၂၈) လမ်းကြား မြသီဝိထမ်းရှိ ရာဇာကျော်ထက် (ခ) စန်းတီ (၂၃)နှစ်၏ နေအိမ်အား ဇန်နဝါရီ ၂၁ ရက် ဖွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးသတင်းအရ မြောက်ပိုင်းမူးယင်အထူးအဖွဲ့မှ ဒုရဲမှူးခင်မောင်ဌေးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဘိန်းဆီအရည်၊ ဘိန်းဆီခဲ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးဝါးများသုံးစွဲရာတွင် အသုံးပြုသော ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ၎င်းနေအိမ်တွင် ရောက်ရှိနေသူ ကဋ္ဌေကျော်ကျော် (ခ) ရှောက်တီ (၂၉)နှစ်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ယင်းဆေးပြားများအား ရောင်းချပေးသူ ဒေါ်မိုးအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

မောင်ပြည်သူ(မန္တလေး)

# သိန်းနီတွင် ဘိန်းစိမ်းတစ်ကီလို ဖမ်းဆီးရမိ

လားရှိုး ဇန်နဝါရီ ၂၅

မူးယစ်တပ်ဖွဲ့ (၂၄) လားရှိုး၊ သိန်းနီ လှုပ်ရှားမှု ရဲအုပ်ဇော်မျိုးနိုင် ဦးစီးသော အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က သိန်းနီမြို့အထွက် ပန်လော့အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် နမ့်ခိုက်ရွာမှ သိန်းနီဘက်သို့ ကျိန်စီ မောင်းနှင်လာသော နံပါတ်မပါ ဆိုင်ကယ်အားရပ်တန့်ပြီး သက်သေများရှေ့တွင် ရှာဖွေရာ ဆီတိုင်ကီနှင့် တေးကာကြားအတွင်း ကြပ်ကြပ်အိတ်ဖြင့် ထည့်ထားသည့် ဘိန်းစိမ်းအလေးချိန် တစ်ကီလိုကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး ဘိန်းစိမ်းလက်ဝယ်တွေ့ရှိသူ ကျိန်စီ (၆၂)နှစ် တရုတ်စာသင်ကျောင်းလမ်း ရပ်ကွက် (၄) သိန်းနီမြို့နယ်နေ တောင်ယာလုပ်သူအား သိန်းနီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဟန်ဌေး(ပြန်/ဆက်)**

# စိန်ပန်းပင် လဲကျပိမိ၍ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဗားတရာလမ်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းမှ လုံးပတ်သုံးပေ ကျော်ခန့်ရှိ စိန်ပန်းပင်မှာ ဇန်နဝါရီ ၂၀ ရက် ည ၁၀ နာရီခွဲက ဗားကရာလမ်းဘက်သို့ လဲကျခဲ့ရာ လမ်းပေါ်တွင် သွယ်တန်းထားသော ဖုန်းကြိုးများပေါ်သို့ လဲကျပြီး လမ်းလျှောက်လာသည့် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ဈေးကလေးလမ်းနေ မဇင်မာ (၃၃)နှစ်၏ ခါးပေါ်သို့ ထပ်မံပိခဲ့သည်။ စိန်ပန်းပင် လဲကျပိမိမကြောင့် တွန်ကရစ်ဖန်းတိုင်နှစ်တိုင်နှင့် လျှပ်စစ်မီးကြိုးတိုင်တစ်တိုင် လဲကျပျက်စီးခဲ့ပြီး မဇင်မာတွင် ခါးနာကျင်၊ ဝဲ/ယာခြေသလုံးပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့သည်။ အဆိုပါ လဲကျခဲ့သည့် စိန်ပန်းပင်၊ ကွန်ကရစ်ဖုန်းတိုင်နှစ်တိုင်နှင့် လျှပ်စစ်မီးကြိုးတိုင်တစ်တိုင်တို့အား ကြည့်မြင်တိုင်မြို့မရဲစခန်းက တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ဝိုင်းဝန်းရှင်းလင်းခဲ့ရာ ဇန်နဝါရီ ၂၁ ရက် နံနက် ၁ နာရီက ရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**


Best United Company Limited မှ
ဂျပန်နိုင်ငံထုတ် ကူဘိုတာ (Kubota)၊ ရမ်မာ (Yanmar)၊ အီဆဲကီ (Iseki) ခေတ်မီရိတ်သိမ်းခြွေလှေ့စက် (Japan Used) များကို တောင်သူလယ်သမားကြီးများအား အထူးဈေးနှုန်းချိုသာစွာဖြင့် တင်သွင်းရောင်းချပေးနေပါသည်။

ဘုရားရောင်းပြန်း
အမှတ် (၆၀၇)၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း (ABC)၊ စက်ဘီးစက်ရုံအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၁၀၁၂၀၂ / ၀၉ ၅၀၉၃၂၀၀ / ၀၉ ၅၀၃၂၂၆၅

ရွှေဥဒေါင်းမင်း 09422555943,09421122687
အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ ◇ (၃)ရက်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ (ဘုရားစုံ) ◇ (၅)ရက်
မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ပြင်ဦးလွင် ◇ (၅)ရက်
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(စွယ်တော်လေးဆူ)၊ ပခုက္ကူ ◇ (၃)ရက်
ကားစီးလုံးငှား စီစဉ်ဆောင်ရွက်ပေးသည်
အပတ်စဉ်သောကြာ
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
မန်းရွှေစက်တော်ဖွင့်ပွဲ (2-2-14) ထွက်မည် (အပတ်စဉ်သောကြာ) ကြိုတင်လက်မှတ်ရောင်းပြီ

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ဆု က မျိုးစုံဝိုင်းလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
(၆)ဦး၀ယ်လျှင် + (၁)ဦးအခမဲ့
ချောင်းသာ (Hotel/Guest House)(ငြိမ်း)
အလောင်းတော်ကဿပ(သီးသန့်)
0931815390,0931815395

ရွှေပင့်ကူ ကားအလုံးငှားသည်
မန်းရွှေစက်တော် ဖွင့်ပွဲ
စားစရိတ်ငြိမ်း-၃၅၀၀၀ ကျပ်
2.2.2014
09-73130346,254049377,423720047

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၈၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လျှော်ကားမျိုးစုံငှားနိုင်သည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဘုရား၊ ရဟန္တာပုဂ္ဂိုလ်များအတွက် လုပ်သမျှကိစ္စတိုင်းဟာ အချိန်ကောင်း၊ အခါကောင်းဖြစ်သလို ပုထုဇဉ်လူသားတိုင်းအတွက် လုပ်သမျှကိစ္စတိုင်းဟာ အချိန်ကောင်း၊ အခါကောင်းဖြစ်ဖို့လိုပါတယ်။ ထိုအချိန်ကောင်း၊ အခါကောင်းများကို ကွင်းကွင်းကွက်ကွက် ဖော်ပြပေးထားပြီး လူသားတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့
ဆရာဦးမင်းသိန်း ရေးသားစီစဉ်သည့်
၂၀၁၄ ခုနှစ် ရွှေမန်းမေဒင်ဒိုင်ယာရီ
ဖြန့်ချိရေး
"ဟံသာ" စာပေ (ရန်ကုန်) ၀၉ ၇၃၀ ၅၆၀၇၂၊ ၀၉ ၄၃၀ ၇၉၇၉၇
"လှိုင်" စာပေ (မန္တလေး) ၀၉ ၉၁၀ ၂၀၇၇၇၊ ၀၉ ၂၀၃၉၆၀၂

ASIA KING 01-387973, 09-43114301
မန်းစွေ့စက်တော်ဖွင့်ပွဲ Feb 2 နှင့် အထက်ထူးရားဖူးခရီးစဉ်များ ကြိုတင်ရောင်းပြီ
+ အလောင်းတော်ကဿပ(သီးသန့်) (၃)ရက်။(စရိတ်ငြိမ်း) 45000 Jan 24,31,Feb7
+ အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ 75000/90000
+ ပုဂံ-ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော်။ 55000/75000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကံလုံ၊ ထန်းဆမ်း၊ 65000/75000
Hotel/Guest House ...Air-con Express...
ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)၊ ...

နန်းဦးလှိုင် (ရွှေစက်တော်ဖွင့်ပွဲ၊ ထားဝယ်ရှင်ကိုးရှင်၊ ဘီတ်)
• ရွှေစက်တော်ဖွင့်ပွဲ (၂)ညအိပ် နှင့် လမ်းဘုရားစုံဖူး။ ဆက်၍-ပုဂံ (၂)ညအိပ်၊ စွယ်တော်လေးဆူ၊ ပုပ္ပါး နှင့် ပခုက္ကူသီဟိုဠ်ရှင်ပါ (၅)ရက်။ • ရွှေစက်တော်ဖွင့်ပွဲ၊ အလောင်းတော်ကဿပ နှင့် မုံရွာဘုရားစုံဖူး (၅)ရက်။ ပုဂံ၊ ပုပ္ပါး ပါ (၆)ရက်။
၂-၂-၂၀၁၄ နေ့ ထွက်မည်။ အပတ်စဉ် သောကြာနေ့တိုင်း (ကြိုတင်လက်မှတ်ရောင်းပြီ)
• အလောင်းတော်ကဿပနှင့် မန္တလေးမဟာမြတ်မုနိ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံဖူး(၃)ရက်။ ဆက်၍ မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်ပါ(၅)ရက်။ • တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော(၅)ရက်။ လှိုင်ကော်ပါ(၆)ရက်။
• ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် နှင့် စက်ခဲ၊ ကျိုက္ကမီ(ညအိပ်)၊ ဆက်၍-မြိတ်(ဘိတ်)(ညအိပ်)
• မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ၊ ကျိုက်ထီးရိုး (၃)ရက် • ကျိုက်ထီးရိုး(နေ့စဉ်) 09-5122961
+ အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ ... ☎ 056-21671
+ အမှတ်(၂၅၁)၊ ... ☎ 01-391577

မိမိကိုယ်တိုင်တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး နှစ်စဉ် ဘာသာစုံဂုဏ်ထူးရှင်များ မွေးထုတ်ပေးနေသည့်
ဆရာကောင်း (ဆေး-၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
စခန်းသွင်းဘော်ဒါ (၁၉၁၀တန်း)
အဆင့်မြင့်စာသင်ဝိုင်းများ (၁၉၁၀တန်း)
Hot Line - 01 545440, 01 552348, 09 420 700013, 09 420 700012

PHO SEIN
မူလတန်းများပါ သင်ကြားသည်။ ပဟန်း (ဖိုးစိန်) တွင် တိုးချဲ့ထားမှုကြောင့် ဆေးတက္ကသိုလ် (၁) ဝင်ခွင့်ရမည်။

Private ဆို ကောင်းထက်ကျော် မှန်းသိကုန်ကြပါပြီ။
အတန်းစုံ၏ ဘာသာစုံသင်ကြားမှု အထူးကောင်းမွန်ပြည့်စုံမှု
အကောင်းဆုံးအခြေခံ (အင်္ဂလိပ်စာ + သင်္ချာ + Thinking Skill) ပျိုးထောင်ပေးမှု
PRIVATE ကျောင်းတစ်ခုမှ ရရန်မျှော်လင့်ထားသော ဝန်ဆောင်မှုများ အပြည့်အဝရရှိမှု
စည်းကမ်း၊ စနစ်၊ စီမံခန့်ခွဲမှုများ အထူးကောင်းမွန်မှုတို့ကြောင့်
မိဘနှင့် ကျောင်းသား/သူများ အထူးနှစ်ခြိုက်အပ်နှံနေကြပါပြီ။
ကျောင်းလခကို လစဉ်သာ ပေးသွင်းရပါသည်။
Private - ခြံအမှတ်-၂၆-၂၈၊ နတ်မောက်လမ်းသွယ် (ရတနာရိုးဟိုတယ်ဘေးလမ်း)၊ ဗိုလ်စိန်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
- ခြံအမှတ်- ၃၃C (၂)၊ နတ်မောက်လမ်းသွယ်(၁)(မြန်မာ့အလင်းသတင်းစာတိုက်လမ်း)၊ ဗိုလ်စိန်ရပ်ကွက်၊ ဗဟန်းမြို့နယ်။
စာသင်ဝိုင်း - အမှတ်-၂၆ (B)၊ အုံသီရိလမ်း (အောင်မင်္ဂလာလမ်းနှင့်သီတာလမ်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဘော်ဒါ - ခြံအမှတ်-၁၂၃၀/၃၁၊ နေမျိုးသူရလမ်း (မဟာသန္တိသုခဘုန်းကြီးကျောင်းအနီး)၊ ပေဗဓာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ရင်သန်း
## အသက်(၈၈)နှစ်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းဦး (ဝန်ကြီး၊ လျှပ်စစ်နှင့်စက်မှုလက်မှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)၏မိခင် ဒေါ်ရင်ရင်သန်း အသက်(၈၈)နှစ်သည် ၂၀-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## အကယ်ဒမီဒေါ်ခင်ယုမေ
## အသက်(၇၈)နှစ်

ချစ်ခင်ရပါသော အန်တီမေသည် ၂၄-၁-၂၀၁၄ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**Capt; တင်ထွန်းအောင်နှင့်မအိ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းအေး(မော်လမြိုင်)
## အသက်(၇၂)နှစ်

ချစ်လှစွာသော ညီမ/အစ်မ ဒေါ်သန်းအေးသည် ၂၄-၁-၂၀၁၄ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်းဖြစ်ရပါသည်။

**ဒေါ်ခင်စန်းရီ**
**ဦးမောင်မောင်(Rtd; UNICEF)-ဒေါ်မြတ်မြတ်**
**(ဦးတင်မောင်မောင်,USA)-ဒေါ်နွဲ့နွဲ့အေး(မော်လမြိုင်)**
**Terry & Yee Yee Lynch -UK**
**(ဦးကြည်ဝင်း)**
**(ဦးခင်မောင်ညွန့်)-ဒေါ်စန်းစန်းအေး**
**(ဦးမောင်မောင်သန့်)-ဒေါ်သင်းသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းအေး
## အသက်(၇၂)နှစ်
### (မော်လမြိုင်)

ဦးသန်းထွဋ်ရှိန် (C/E, LIZSTAR Co., Ltd.) (KABAR MTC)-ဒေါက်တာဒေါ်ညိုညိုဝင်း (တလေးခွဲစိတ်အထူးကုဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး)တို့၏မိခင်သည် ၂၄-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသည်အတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

**Instructors;**
**KABAR Maritime Training Centre.**

## အထူးကျေးဇူးတင်ရှိခြင်း

၂၀-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးအောင်စိုး(ခ)အံ့ဘိ အသက်(၇၀)နှစ် (ဘားအံမြို့၊ ဝတ်ကြီးရွာ)၏ နာရေးထိစ္စအဝဝအား မေတ္တာစေတနာ အပြည့်အဝဖြင့် နွေးထွေးစွာကူညီဆောင်ရွက်ပေးပါသော ငါးသုံးလ် မိသားစုအားလည်းကောင်း၊ ဘားအံအသင်း(ရန်ကုန်)အားလည်းကောင်း၊ ဘုရင့်နောင်ပွဲရုံနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့် မေးမြန်းကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းထိန်
## အသက်(၆၃)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် Master of Banking & Finance ဒုတိယအပတ်စဉ်၏ ပထမနှစ်တွင် ပညာသင်ကြားနေသော မခင်သူဇာ၏မေးသဖခင် ဦးဝင်းထိန် အသက်(၆၃)နှစ်သည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Master of Banking&Finance**
**Programme Director**
**ဆရာမကြီးနှင့် ကျောင်းသား၊ကျောင်းသူများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဝင်း(ဒိုက်ဦး)
## အသက်(၅၈)နှစ်

မော်လမြိုင်ကောလိပ် ၀၉၇၄-၇၈ (ဓာတုဗေဒ)ကျောင်းသား ဦးတင်ဝင်းသည် ၂၀-၁-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မော်လမြိုင်ကောလိပ်-၀၉၇၄-၇၈(ဓာတုဗေဒ)**
**ကျောင်းသူ၊ကျောင်းသားသူငယ်ချင်းများ**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

### စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
## ဦးအောင်မြင့်
## အသက်(၇၂)နှစ်
### (စိုက်ပျိုးရေး-ငြိမ်း)
### အသင်းဝင်(၀၃၈၂)

ဦးအောင်မြင့်သည် ၂၂-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၌ သဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

# အာနိစ္စ

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြ(ညောင်တုန်း) (၈၆)နှစ်

လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ရေနံချောင်းလမ်း၊ အမှတ်(၅၅၆)နေ ဦးသန်းမောင်၏ ဇနီး၊ ဒေါ်အေးမြင့်၊ ဦးတင်ရွှေ-ဒေါ်အေးအေးကြည်၊ (ဦးထွန်းအေး)-ဒေါ်တင်ရီ၊ ဦးဝင်းမြင့်မိုး(ပန်းချီ)-ဒေါ်လှလှ၊ ဦးသန်းလွင်၊ ဒေါ်အေးအေးသန်းတို့၏ မိခင်သည် ၂၅-၁-၂၀၁၄ (စနေနေ့) နံနက် ၀၀း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစီ (၇၈)နှစ်
### (ဗိုလ်ချုပ်-၁၊ ဗဟန်း)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၃၃၈)နေ (ဦးထူး)၏ ဇနီး၊ ဦးစံထွန်း-ဒေါ်စိန်စိန်၊ (ဦးမြင့်သိန်း)-ဒေါ်ခင်ရွှေ၊ ဒေါ်ခင်သန်းဝင်း၊ ကိုရွှေထူး-မမြင့်ရွှေတို့၏ မိခင်၊ မောင်ခင်မောင်ထူး၊ မောင်ရဲဝင်းအောင်(ခ) ရွှေကြယ်မိုး၊ မမေပိုင်စိုး၊ မအေးသရီထူး၊ မောင်ပြည်ဖြိုးအောင်၊ မအေးသန္တာထူးတို့၏ အဘွားသည် ၂၅-၁-၂၀၁၄ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဌေးမြင့်(ပန်းတောင်း)
## အသက်(၆၀)
### ဌာနစုမှူး(ငြိမ်း)၊ မြို့တော်စည်ပင်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကြိခတ်ရပ်ကွက်နေ (ဦးဘချော-ဒေါ်ရီ)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၀၆၂)နေ ဒေါ်ကျင်မေး(မြို့တော်စည်ပင်-ငြိမ်း)၏ ခင်ပွန်း၊ ဦးမောင်မောင်-ဒေါ်စန်းစန်းမြင့်၊ ဦးညွန့်မောင်-ဒေါ်ခင်မြင့်မြင့်၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ညွန့်ညွန့်ခင်တို့၏ ညီ/မောင်၊ ဦးကျော်ဝင်းစိန်-ဒေါ်စန်းစန်းဝေတို့၏အစ်ကို၊ တူ/တူမ ၁၂ယောက်တို့၏ဦးလေး ဦးဌေးမြင့် (ဌာနစုမှူး-ငြိမ်း၊ မြို့တော်စည်ပင်)သည် ၂၄-၁-၂၀၁၄ (သောကြာနေ့) ညနေ ၅း၀၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဌေးမြင့်(ပန်းတောင်း)
## အသက်(၆၀)
### ဌာနစုမှူး(ငြိမ်း)မြို့တော်စည်ပင်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၀၆၂)နေ (ဦးသောင်းစိန်)-ဒေါ်အေးဝိုင်းတို့၏သားသမက်၊ ဒေါ်ကျင်မေး (မြို့တော်စည်ပင်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုကောင်းထက်ဝင်း-မဝင်းဝင်းဌေးတို့၏ ချစ်လှစွာသောဖခင်၊ (ဒေါ်ကျင်ဝင်း)၊ ဒေါ်ကျင်ကီး (ဦးစီးအရာရှိ၊ သမဝါယမ-ငြိမ်း)တို့၏မောင်၊ ဦးစိုးလင်-ဒေါ်မိမိမော်တို့၏ အစ်ကို၊ ဦးအောင်လေး(YESB၊ စမ်းချောင်း)-ဒေါ်ခင်ဝင်းမော်၊ မောင်ကျော်ဇေယျလွင်၊မောင်အောင်သော်လွင်တို့၏ဦးလေး ဦးဌေးမြင့် (ဌာနစုမှူး-ငြိမ်း၊ မြို့တော်စည်ပင်)သည် ၂၄-၁-၂၀၁၄ (သောကြာနေ့) ညနေ ၅း၀၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးသန်း(မြိတ်)
## အသက်(၆၀)

မြိတ်မြို့နေ (ဦးစင်းပို)-ဒေါ်မြရှင်တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမ၊ အမှတ်(၄၆၈)၊ ရှစ်လွှာ(C)နေ ဒေါ်စန်းကြီး၏ခင်ပွန်း၊ မဖြူဖြူစင်၊ မောင်ဇော်မင်း၊ မောင်ဌေးအောင်၊ မသီသီစိုး၊ မောင်ပြည့်ဟိန်းကျော်တို့၏ဖခင် ဦးစိုးသန်းသည် ၂၅-၁-၂၀၁၄(စနေနေ့) နံနက် ၇း၂၅ နာရီတွင် ရန်ကုန်မြို့ SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ ဒါယိကာမကြီး
## ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်ယုမေ
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၉)၊ ကမ္ဘာအေးစေတီလမ်း၊ သိရီမင်္ဂလာရိပ်သာလမ်းသွယ်၊ ရန်ကင်းမြို့နယ်နေ (ဦးယုစမ်-ဒေါ်ကြင်မြိုင်)တို့၏ သမီး၊ (ဦးထိုက်စိန်)၊ ဒေါ်ခင်ယုဆွေတို့၏ အစ်မ၊ ဒုတိယဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း) (စီးပွား/ကူးသန်း)-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းထိုက်-ဒေါ်ဆွေဆွေသောင်းတို့၏ကြီးကြီး၊ ဦးအောင်ကျော်မိုး၏ ချစ်လှစွာသောမိခင်၊ အယ်ရီကာမိုး၊ ဂျောနသန်ဆွေထိုက်၊ ရပ်ဆယ်မိုးတို့၏အဘွား ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်ယုမေသည် ၂၄-၁-၂၀၁၄(သောကြာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၁-၂၀၁၄(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စုစုလှိုင် အသက်(၅၀)
### (မြန်မာ့မီးရထား-တိုင်း ၆)

အမှတ်(၇၆)၊ ကောက်စောလမ်း၊ သဝဏ္ဏနေ (ဦးရှိန်းမောင်)-ဒေါ်မြရီတို့၏ သမီးထွေး၊ ဒေါက်တာသောင်းညွန့် (B.V.S)၏ ချစ်လှစွာသောဇနီး၊ ဦးခိုင်စိုး (ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့မီးရထား)-(ဒေါ်ခင်ခင်မြင့်)၊ ဦးသိန်းဇော်-နော်အက်စတာ၊ ဒေါ်ခင်စိုးရည်(အလပြ-ငြိမ်း)၊ ဦးတင်ဝင်း(MCE)- ဒေါ်ရီရီလှ၊ ဗိုလ်မှူးမြင့်ဝင်း(ငြိမ်း) (စက်မှုဝန်ကြီးဌာန)-ဒေါ်မာမာဆန်း၊ ဦးထွန်းဝင်း၊ ဦးသန်းထွန်း-ဒေါ်မော်မော်ဝင်း၊ ဒေါ်ဝင်းဝင်းမြိုင်(ကြေး/မြေ)တို့၏ညီမ၊ တူ/တူမ ၀၀ယောက်၏ အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၅-၁-၂၀၁၄(စနေနေ့) နံနက် ၀း၃၀ နာရီတွင် ရန်ကုန်မြို့ မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဝဏ္ဏနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်းစူး၍ ၃၁-၁-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စုစုလှိုင် အသက်(၅၀)
### (မြန်မာ့မီးရထား၊ တိုင်း-၆)

(ဦးရှိန်းမောင်)-ဒေါ်မြရာ့၏သမီးထွေး၊ ဒေါက်တာသောင်းညိမ်း(B.V.S)၏ ဇနီး၊ ဒေါက်တာစိုးမင်းလင်း(B.V.S)-မသဲဝေလှိုင်၊ (ကိုဘိုဘိုဇော်)၊ ကိုထက်ဝေမိုး-မသဏ်ပပဖြူ၊ ကိုထက်ဝေဖြိုး-မကေသီဇော်၊ နော်ထက်ထက်ဇော်၊ နော်သဥ္ဇာဇော်၊ ဗိုလ်မှူးတင်အောင်ဟိန်း-မသီတာမြင့်ဝင်း၊ ဗိုလ်ကြီးထွန်းမြင့်ဝင်း-မယဉ်ယဉ်စိုး၊ ကိုကျော်မြင့်ဝင်း၊ ကိုရဲဝင်းဇော်-မဟေမာန်ဝင်း(ခေတ္တ-စင်ကာပူ)၊ မရီရီပိုးဥ၊ မအေးကံကော်တို့၏ချစ်လှစွာသောအဒေါ်၊ သီရိသံစဉ်၊ နေမင်းမြတ်၊ အိမ့်သော်တာတို့၏ချစ်လှစွာသောအဘွား ဒေါ်စုစုလှိုင်သည် ၂၅-၁-၂၀၁၄ (စနေနေ့) နံနက် ၀း၃၀နာရီတွင် ရန်ကုန်မြို့ မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူ တူ/တူမများ

## ဦးတပ်စိုင်(ခ)ဦးသန်းဝင်း(မြိတ်)
## အသက်(၉၀)

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်းနေ (ဦးဘချစ်-ဒေါ်ကြူဝါး)တို့၏ သား၊ ဒေါ်ကျင်ယိ၏ခင်ပွန်း၊ (ဦးအပ်ဟင်)-ဒေါ်ယုလီ၊ ဦးဝင်းစိန်-ဒေါ်ယုရှီ၊ ဒေါက်တာဌေးအောင်-ဒေါ်ယုလော်၊ ဦးသန်းကျင်-ဒေါ်ယုယုခိုင်၊ ဒေါက်တာယုတင်၊ ဦးကြိုတင်-ဒေါက်တာယုထွေး၊ ဒေါ်ယုလှ၊ ဒေါ်ယုအိုင်၊ ဦးဝင်းသိန်း-ဒေါက်တာယုစု၊ ဒေါ်ယုကျင်၊ ကိုကျော်အောင်-မစန္ဒာမြင့်၊ ဒေါက်တာဘန်းဟန်-ဒေါက်တာယုယုထွေးတို့၏ဖခင်ကြီး၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၂၄-၁-၂၀၁၄(သောကြာနေ့) ညနေ ၅း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျန်းတိတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
## ဦးတင်လှိုင်ဦး
## အသက် (၈၃)နှစ်
### (ဒု-မြို့ဝန်၊ ငြိမ်း)
### (လယ်စိုက်ရှင်း)
### အသင်းဝင်(၀၇၇၉)

ဦးတင်လှိုင်ဦးသည် ၂၁-၁-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးသာရွှေ (၅၆)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာနေ ဦးဖိုးတင်-ဒေါ်စောမြဦးတို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ ငုဝါလမ်း၊ တိုက်အမှတ်(၁၂)၊ အခန်း(၀၀၀)နေ ဒေါ်ပုစိန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ကျော်ဇော၊ မောင်ခင်ဇော်ထွန်းတို့၏ဖခင် ဦးသာရွှေ(ကျောက်နီမော်မန့်တီဆိုင်)သည် ၂၅-၁-၂၀၁၄(စနေနေ့) နံနက် ၄း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၄(သောကြာနေ့)တွင် လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၁၁၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေးမူ (ခ)
## Thelma Ba Htay
### စိန့်ဖွန်းကျောင်းသူဟောင်း
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၂၅)၊ ဗိုလ်တေဇလမ်း၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်နေ (ဦးဘဌေး-ဒေါ်ညွန့်ကြည်)တို့၏ ဒုတိယသမီးကြီး၊ (ဦးစံဝေ-ဒေါ်စိန်တင့်)တို့၏သမီးချွေးမ၊ ဒေါက်တာဇကြူ-ဒေါ်ခင်ဦးကြည်တို့၏ ညီမ၊ (ဒေါက်တာအောင်မျိုးဌေး)-ဒေါ်ချစ်ချစ်၊ ဦးညီညီဌေး-ဒေါ်မို့မို့၊ ဦးလှဝင်းမောင်-ဒေါ်နန်းကြူကြူစိုင်တို့၏ အစ်မ၊ ကိုဝင်းမော်(JSM)-မမြသီတာ၊ ကိုဇာဏီမင်း-မသီတာအေး(ခ)အိငယ်၊ ကိုနောင်နောင်လင်း-မသော်တာအေး(ခ)ပေါက်စ၊ မရွှေရတီတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြအိမ်စည်၊ လရောင်ဝင်း၊ နေရာဇဦး၊ လတေဇမင်း၊ မြဟေသာ၊ ကဥ္စနာ၊ မြခါမီ၊ အမရာတို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ တူ/တူမ ကုးယောက်တို့၏အဒေါ်၊ [ဦးကျော်ဇော (ခ) Kenneth Wai]၏ချစ်လှစွာသောဇနီးသည် ၂၅-၁-၂၀၁၄(စနေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၀၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမောင်မောင်အောင်(ခ)
## RATA AFZAL
## အသက်(၄၆)နှစ်

အမှတ်(၅၀/အေ)၊ ခနစ်လွှာ၊ ဗလမင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ALHAJ သမာဓိ ဦးမောင်မောင်-ဟာဂျမဒေါ်ခင်အေးတို့၏သားငယ်၊ ဦးမြအေး (တာဝန်ခံ၊ ငြိမ်းချမ်းရေးဌာန ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)-ဒေါ်စန္ဒာဝင်းတို့၏ညီ၊ ဦးဝင်းအောင်-ဒေါ်မာလာအောင်၊ ဒေါ်သီတာအောင်၊ ဦးနေမျိုးသန်း-ဒေါ်နီလာအောင်တို့၏ အစ်ကို၊ ဟာဂျမဒေါ်ထေးထေးမြင့်၏ ခင်ပွန်း၊ ကိုရဲမင်းဦး-မအိရွှေစင်၊ ကိုကျော်ဇေယျ-မယမင်းမြတ်အောင်၊ မငုဝါအောင်၊ မောင်လင်းထက်အောင်တို့၏ ဖခင် ဟာဂျီဦးမောင်မောင်အောင်သည် ၂၄-၁-၂၀၁၄ရက် ည ၉း၀၅နာရီတွင် အလ္လာဟ် သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၁-၂၀၁၄ရက်တွင် ရေးဝေးကဘာရ စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝဏ္ဏိတမဟာထေရ်
### သာသနပါလရန်ကင်းကျောင်းတိုက် ဦးစီးပဓာန နာယက
## သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

မွန်ပြည်နယ်၊ ရေးမြို့၊ သာသနပါလရန်ကင်းကျောင်းတိုက်၊ ဦးစီးပဓာန နာယကဆရာတော်၊ ရေးမြို့နယ် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝဏ္ဏိတမဟာထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်) ၂၃-၁-၂၀၁၄(ကြာသပတေးနေ့) ည ၉း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်) ၇-၂-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
သာသနပါလရန်ကင်းကျောင်းတိုက်၊ ရေးမြို့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဆရာကြီးဒေါ်ကဥ္စနော(ခ)ဒေါ်ကင်း (ပန်းတောင်း)
## အသက် (၈၇)နှစ်

ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဂွင်းရဲကျွန်းရွာနေ (ဦးဘိုးဝင်း-ဒေါ်တင်)တို့၏ သမီး၊ ဦးထွန်းရှိန်၊ ဒေါ်မရန်တို့၏ ညီမငယ်၊ ရန်ကုန်မြို့၊ တာမွေလေးသံလမ်းနေ [ဦးဌေးလွင်(အထက၊ ကဝမြို့)]၊ ဒေါ်ဥမ္မာ(အထက-၃၊ ဗဟန်း)၊ ဦးသန်းအေး- ဒေါ်အေးအေးမြင့်(ရွှေတောင်ချည်စက်)တို့၏ မွေးသမိခင်ကျေးဇူးရှင်သည်၂၅-၁-၂၀၁၄(စနေနေ့) နံနက် ၁း၄၅ နာရီတွင် ဇရပ်အမှတ်(၃၉)၊ မင်းကွန်းတောရကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမနှင့် မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (မင်းကွန်းကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မဟုံ(ကျုံကဒတ်) (၈၇)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်စံပြကျေးရွာနေ ဦးဆပ်ပေါင်-ဒေါ်ဖွားကြီးတို့၏သမီး၊ (ဦးလှတင်)၏ဇနီး၊ (ဦးအောင်မြင့်)၊ ဦးအောင်တင့် (အမှုဆောင်၊ ဘုမိရူပဗေဒအရာရှိ MQGE)-ဒေါ်မြကြည်၊ ဦးမောင်ဌေး-ဒေါ်တင်တင်နွယ်၊ ဦးအောင်မျိုးလွင်-ဒေါ်စုစုကြည်၊ (ဦးသိန်းဝင်း)-ဒေါ်သီသီလှိုင် (ပန်းသဇင်ထိုက် ပုလဲနှင့်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးသက်နိုင်ထွန်း-ဒေါ်နွယ်နီအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မဟုံသည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၅နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အခန်း ၀၀၀၀၊ မြန်မာ့ ဂုဏ်ရည်အိမ်ရာ၊ ဦးဖိုးကျားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးသက်နိုင်ထွန်း-ဒေါ်နွယ်နီအေး နေအိမ်မှကားများ မွန်းလွဲ ၁၂း၀၅နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးကိုကိုတင်(နတ္တလင်း) (၇၈)နှစ်
### (ကုန်သွယ်ရေး-ငြိမ်း)

ရန်ကုန်မြို့၊ (၀၀၄၂)၊ ထတိုးနွယ်ခြံ၊ ကြို့ထန်းအရှေ့၊ အင်းစိန်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်မမ)တို့၏သား၊ (ဒေါ်ခင်ရေ)၏ခင်ပွန်း၊ (ဦးအောင်ကြီး-ဒေါ်ခင်သိန်းရီ)၊ ဦးမောင်မောင်သန်း-(ဒေါ်တင်အေး)၊ ဗိုလ်မှူးချုပ်အေဘယ်(လ်)(ငြိမ်း)-ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်ခင်စိုးတို့၏ အစ်ကို/ညီ၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏အဘိုး ဦးထိုထိုတင် (ထန်သွယ်ရေး-ငြိမ်း)သည် ၂၅-၁-၂၀၁၄ ရက် မွန်းလွဲ ၁း၄၁ နာရီတွင် မိုးမခလမ်း၊ အမှတ် (449/QR)၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၇-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုထိုးထယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ထျန်ရစ်သူမိသားစု

## ဒေါ်သန်းအေး(မော်လမြိုင်) (၇၂)နှစ်
### မော်တင်လိန်းဝဒ်ဆင်ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ အမှတ် (၃၇)၊ (၈၈) လမ်း၊ ထန်တော်လေးနေ (ဦးမက်ကြူး-ဒေါ်မြတင်)တို့၏သမီး၊ (ဦးဘဆိုင်-ဒေါ်သင်းထွေး)တို့၏သမီးချွေးမ၊ (ဒေါက်တာရှိန်တင်)၏ချစ်လှစွာသောဇနီး၊ (ဦးစောလွင်-ဒေါ်စစ)၊ [ရဲမင်းကြီး ဦးတင်လှိုင်(ငြိမ်း)-ဒေါ်မြင့်မြင့်ကြူ]တို့၏ညီမ၊ ဦးလှသိန်း-ဒေါ်ဥမ္မာ၊ ဦးသန်းဌေး-ဒေါ်သန်းနု၊ ဦးထင်အောင်ထျော် (ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်)-ဒေါ်အေးညွန့်ရွှေတို့၏ချစ်လှစွာသောအစ်မသည် ၂၄-၁-၂၀၁၄ရက် နံနက် ၅း၁၁ နာရီတွင် ဝိတိုရိယဆေးရုံ၌ ထယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) မနးတည် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှထားများ နံနက် ၁၀ နာရီတွင်ထွထပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းအေး(မော်လမြိုင်) (၇၂)နှစ်
### မော်တင်လိန်းဝဒ်ဆင်ကျောင်းသူဟောင်း

ရန်ကုန်မြို့၊ အမှတ်(၃၇)၊ (၈၈)လမ်း၊ ကန်တော်လေးနေ (ဦးမက်ကြူး-ဒေါ်မြတင်)တို့၏သမီး၊ (ဦးဘဆိုင်-ဒေါ်သင်းထွေး)တို့၏သမီးချွေးမ၊ (ဒေါက်တာရှိန်တင်)၏ချစ်လှစွာသောဇနီး၊ ဦးသန်းထွဋ်ရှိန် (C/E LIZSTAR CO., LTD.)-ဒေါက်တာဒေါ်ညိုညိုဝင်း (ထလေးခွဲစိတ်အထူးထုဆရာဝန်၊ ရန်ထုန်ထလေးဆေးရုံကြီး)၊ မဝင်းမင်းရှိန် (အောင်ချမ်းသာဆေးဆိုင်)၊ မသန္တာရှိန်(ရှိန်းအပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ချစ်လှစွာသောမိခင်၊ မောင်ထျော်ထျော်စိုး (Grade-VII-C၊ အလက-၁၊ ဒဂုံ)၊ မောင်နိုင်မင်းထွဋ် (Grade-IV-F၊ အလက-၁၊ ဒဂုံ)တို့၏ အဘွားသည် ၂၄-၁-၂၀၁၄ရက် နံနက် ၅း၁၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ထယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ထျန်ရစ်သူမိသားစု

မြန်မာ့ရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

Gmail themirror.npt@gmail.com နှင့်
www.facebook.com\themirrordaily

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(ဆတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညဏ်ထွန်း အိန္ဒိယနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ အိန္ဒိယ သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(ထတင်းစဉ်)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ရိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်း စာမျက်နှာ » ၈

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အား ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ တွင် ဖော်ပြထားသည်။**

## ငပလီကမ်းခြေအတွက် ရေချိုဖြည့်ဆည်းမည့် ဇီးဖြူကုန်းဆည်

### ဇီးဖြူကုန်း၊ ပေလီ၊ မဇင်ကျေးရွာနှင့် ဟိုတယ်များရေလုံလောက်စွာရရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂၅** - ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေဒေသတစ်လျှောက်တွင်ရှိသော ကျေးရွာများ၊ လက်ရှိရှိပြီးသား ဟိုတယ်များနှင့် အသစ်ထပ်မံတိုးချဲ့မည့် ဟိုတယ်များအတွက် ရေချိုလိုအပ်မှုသည် အရေးပါလျက်ရှိသည်။

ငပလီကမ်းခြေရှိ ဖွင့်လှစ်ပြီးဟိုတယ် ၁၉ လုံးသည် မဇင်ကျေးရွာရှိ ငှက်ပျောချောင်းဆည်ကိုအသုံးပြုရသည်။ ငှက်ပျောချောင်းဆည်သည် ဟိုတယ် ၁၉ လုံးအတွက် ရေလုံလောက်စွာရရှိသော်လည်း နောက်ထပ်ဖွင့်လှစ်မည့် ဟိုတယ်လေးလုံးအပါအဝင် ဟိုတယ် ၂၃ လုံးအတွက် ရေလုံလောက်မှုမရှိသောကြောင့် ကျေးရွာဒေသခံများနှင့် ဟိုတယ်များ ရေလုံလောက်စွာရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိရာ ဇီးဖြူကုန်း ကျေးရွာ ဇီးဖြူကုန်းဆည်တည်ဆောက်မှုတွင် ပါဝင်လျက်ရှိသော ရေဝပ်ဧရိယာအတွင်းရှိ လယ် ၁၀ ဒသမ ၁၇ ဧကအတွက် တစ်ဧကလျှင် ကျပ်သိန်း ၁၅၀ ဖြင့် စုစုပေါင်း ကျပ် ၁၅၂၅ ဒသမ ၅ သိန်းကို **စာမျက်နှာ ၇ ကော်လံ ၃ သို့** ❖

နိုင်လင်းကြည်

## တရုတ်တင်းနစ်မယ်လီနာ ဩစတြေးလျအိုးပင်းတင်းနစ်ဖလားဆွတ်ခူး

၂၀၁၄ ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းထက ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတင်းနင် အားတစားကွင်းကြီး၌ တရုတ်တင်းနစ်မယ်လီနာနှင့် ဆလိုဗက်ကီးယား တင်းနစ်မယ် ဆီဘူကိုဗာလီယည်ပြိုင် တစားခဲ့ရာ တရုတ်တင်းနစ်မယ် လီနာက ဆီဘူကိုဗာအားအနိုင်ရရှိကာ ဩစတြေးလျ အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ အမျိုးသမီးတင်းနစ်လောကတွင် အဆင့်(၄)ရှိ တရုတ်တင်းနစ်မယ် လီနာသည် ယင်းပွဲစဉ်တွင် ၇-၆၊ ၆-၀ ဖြင့် ဆလိုဗက်ကီးယားတင်းနစ်မယ် ဆီဘူကိုဗာကိုအနိုင်ရရှိကာ ဗိုလ်စွဲခဲ့ခြင်း စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

## အင်အားအနည်းငယ်ရှိ ငလျင်များလှုပ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၂၅** - ယနေ့နံနက် ၅ နာရီ ၅၅ မိနစ် ၂၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ရွှေဘိုမြို့၏ အနောက်တောင်ဘက် ၅ မိုင်)ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး၄ ဒသမ ၃အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားပြီး ယနေ့ ညနေ ၄ နာရီ ၃၄ မိနစ် ၄၁ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(သပိတ်ကျင်းမြို့၏ အရှေ့ဘက် ၄ မိုင်)ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**